# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၇၆)


## ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး မတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံ ခွင့်ပြုထား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

( ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် )

ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ
မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား

ယနေ့ကျရောက်သည့် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ် အခါသမယတွင် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❒

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စုစည်းညီညွတ်သည့် အားကို တည်ဆောက်၍ ဒေသနှင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ကြရမည်

နေပြည်တော် ဒီဇင်ဘာ ၁၄

ဒေသခံတိုင်းရင်းသားများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် တပ်များဖြစ်သဖြင့် ဒေသခံများနှင့် တပ်စည်းလုံးညီညွတ်မှုရှိရမည်ဖြစ်ပြီး စုစုစည်းစည်းဖြင့် ညီညီညွတ်ညွတ် ရှိရမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်သည့်အင်အားရှိမည်ဆိုပါက မည်သူမျှ မိမိတို့၏ တပ်ရင်းတပ်ဖွဲ့ကို ထိခိုက်အောင် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ကြောင်း၊ အလားတူ ဒေသတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံး အတူတကွ စုစည်းညီညွတ်စွာ နေထိုင်မည်ဆိုပါက ဒေသကို မည်သူမျှထိ၍ရမည် မဟုတ်သဖြင့် စည်းလုံးခြင်း၏အားကို တည်ဆောက်ကြရမည် ဖြစ်ကြောင်း

*စာမျက်နှာ ၄ ကော်လံ ၁* ❁



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




မြန်မာ့အလင်း

## ဒေသ၏ထူးခြားသည့် ဝိသေသများ ဒေသခံပြည်သူများက ဖော်ဆောင်

ပွင့်လင်းခြောက်သွေ့အေးမြသည့်ရာသီသည် ပုံမှန်အားဖြင့် ခရီးသွားရာသီပင်ဖြစ်သည်။ ပြီးခဲ့သည့် နှစ်နှစ်တာ ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့မှုက မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို အကြီးအကျယ် ထိခိုက်စေခဲ့သည်။ ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်မှုနှင့်အတူ ပြည်သူလူထုအတွင်း ပြည်တွင်းခရီးစဉ်များကို ကျောင်းပိတ်၊ ရုံးပိတ်ရက်များအတွင်း သွားလာနိုင်ကြရန် စိတ်အားထက်သန်လျက်ရှိကြသည်။

မိမိတို့နိုင်ငံ၏ ပထဝီအနေအထား ထူးခြားချက်ကြောင့် ဒေသအလိုက် သဘာဝအလှအပများ တစ်မူစီကွဲပြားကာ လှပကြသည်။ ထို့အပြင် ထူးခြားသည့် ဝိသေသများကြောင့် ထင်ရှားကျော်ကြားသည့် မြို့ရွာဒေသများလည်း ရှိနေကြရာ (ဥပမာ-ထင်းရှူးမြို့တော်၊ ပန်းမြို့တော်၊ ဆံရစ်ဝိုင်းတို့ရွာ အစရှိသည်ဖြင့်) ခရီးသွားပြည်သူတို့၏ အကြားတွင် ရေပန်းစားကြသည်ကို တွေ့ရသည်။ ဒေသများ၏ ထူးခြားသည့် ဝိသေသများမှာ မူလရှိပြီး ရေမြေသဘာဝများနှင့် ဒေသခံပြည်သူတို့၏ ပြုပြင်ဖန်တီးမှုများ၊ ဓလေ့စရိုက်များမှ ပေါ်ပေါက်လာရခြင်းဖြစ်သည့်အတွက် ဒေသတစ်ခု၏ အထိမ်းအမှတ်ဖြစ်သည်။ ကုန်ပစ္စည်းတစ်ခုအနေဖြင့် ဆိုရလျှင် ကုန်အမှတ်တံဆိပ်တစ်ခုပင် ဖြစ်သည်။ ဈေးကွက်အတွင်း ကုန်အမှတ်တံဆိပ်တစ်ခု "ပေါက်" သွားပြီဆိုပါက နှစ်ပေါင်းများစွာ၊ အချို့ကုန်အမှတ်တံဆိပ်များဆိုလျှင် နှစ်ပေါင်းရာနှင့်ချီ၍ အကျိုးဖြစ်ထွန်းကြသည်ကို နမူနာယူကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာ ၁၄ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားရာတွင် "ပူတာအိုဒေသသည် ထူးခြားသည့် ဝိသေသရှိသည့် ဒေသတစ်ခုဖြစ်ပြီး အေးမြသည့် ရာသီဥတုရှိကာ သဘာဝအလှတရားများဖြင့် ပြည့်စုံနေသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပူတာအိုဒေသကို ခရီးသွားဒေသအဖြစ် ဆောင်ရွက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ကြောင်း၊ ဒေသ၏ ထူးခြားမှုအဖြစ် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျောက်လုံးများကိုစီ၍ ကာရံထားသည့် ကျောက်စီခြံစည်းရိုးများလည်း ရှိကြောင်း၊ အဆိုပါ ကျောက်လုံးစီခြံစည်းရိုးများကို လမ်းအလိုက်၊ ရပ်ကွက်အလိုက် စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ကာ စနစ်တကျ လှပသပ်ရပ်စွာဖြင့် ထူးခြားသည့် မြင်ကွင်းတစ်ခုအဖြစ် ဆောင်ရွက်ပြီး ဒေသ၏ Land Mark တစ်ခုအဖြစ် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ကြောင်း" ဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။

ဒေသအလိုက် ထူးခြားထင်ရှားသည့်ဝိသေသ (Land Mark) များက ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်ချင်အောင် ဆွဲဆောင်နိုင်ကြသည့် အမှတ်တံဆိပ်များပင် ဖြစ်ကြသည်။ မိမိတို့နေထိုင်ရာဒေသ၏ ထူးခြားသည့်ဝိသေသများကို ဖော်ဆောင်နိုင်သူများမှာ ဒေသခံပြည်သူများပင်ဖြစ်သည်။ မိမိတို့ဒေသ၏ စားကောင်းသောက်ဖွယ်များ၊ ဒေသထွက်ကုန်များ၊ သဘာဝအလှအပများ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ၊ ဒေသ၏ဝိသေသများကို ဒေသခံပြည်သူတို့၏ ရင်းနှီးဖော်ရွေမှုများနှင့် ပေါင်းစပ်ကာ မြန်မာနိုင်ငံ ပြည်တွင်းဒေသအနှံ့အပြားတို့တွင် ခရီးစဉ်ဒေသပေါင်းများစွာ ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။ ။




## နိုင်ငံတစ်ဝန်းလုံး ရင်ဆိုင်နေရသည့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန် ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်သည့် မူဝါဒသစ်နှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် တက်ကြွစွာ ပါဝင်ပေး

နေပြည်တော် ဒီဇင်ဘာ ၁၄

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၂)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။** (အပေါ်ပုံ)

ဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ပြသသည်။

**အထူးစစ်ဆင်ရေးဆောင်ရွက်**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ရာ ဖမ်းဆီးရမိမှုများ နှစ်စဉ်တိုးမြှင့်လာသည်ကို တွေ့ရမည်ဖြစ်ပြီး အထူးစစ်ဆင်ရေးများကို ယနေ့အထိ (၃၇)ကြိမ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ၆၂၇၆ မှုရှိပြီး ဘိန်း ၁ ဒသမ ၁ တန်ကျော်၊ ဘိန်းဖြူ ၁ ဒသမ ၃၂ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၄ ဒသမ ၈၇ သန်းကျော်၊ အိုက်စ် (မက်သ်အဖက်တမင်း) ၂၁ ဒသမ ၇၅ တန်ကျော်၊ ကတ်တမင်း ၂ ဒသမ ဝ၄ တန်ကျော်အပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများအပါအဝင် ဆက်စပ်ပစ္စည်း စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁ဝ၆၉ ဒသမ ၉၄ ဘီလီယံကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် တားဆီးနှိမ်နင်းရေးကဏ္ဍတစ်ခုတည်း အောင်မြင်ရုံမျှဖြင့် မူးယစ်ဆေးဝါးပပျောက်သွားမည်ဟု ယူဆ၍မရကြောင်း၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့လုံးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဟန်ချက်ညီညီ အလေးထားပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ်အတွင်း မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်၍ ငွေကြေးစုံစမ်းစစ်ဆေးရေးအဖွဲ့သို့ အမှုပေါင်း ၂၉ မှုနှင့် ၂၀၂၂ ခုနှစ်တွင် အမှုပေါင်း ၂၆ မှု လွှဲပြောင်းပေးခဲ့ကြောင်း၊ မူးယစ်ဆေးဝါးများ စွမ်းစွမ်းတမံ ဆောင်ရွက်ဖမ်းဆီးမှုများတွင်ပါဝင်သူများကို ရာထူးတိုးမြှင့်ပေးခြင်း၊ အမှုထမ်းကောင်းလက်မှတ်နှင့် ဆုကြေးငွေချီးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သကဲ့သို့ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ မသမာမှုပြုလုပ်ခြင်းများကိုလည်း အရေးယူဆောင်ရွက်ခဲ့ကြောင်း။

ယနေ့ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉ဝ ကျော်ရှိသည့်အနက် ၁၉ဝ ခန့်သည် မူးယစ်ဆေးဝါးပြဿနာနှင့် ရင်ဆိုင်နေကြရကြောင်း၊ ၂၀၂၂ ခုနှစ် UNODC မှ ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာအရ အရှေ့နှင့် အရှေ့တောင်အာရှဒေသတွင် မက်သ်အဖက်တမင်းသည် အဓိကပြဿနာအဖြစ် တည်ရှိနေကြောင်း၊ ယခုအခါ ထိန်းချုပ်ဓာတုပစ္စည်းများသည် ရှေ့တန်းရောက်ရှိလာသဖြင့် ဓာတုပစ္စည်းထိန်းချုပ်ရေးကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ တရားဝင်ခွင့်ပြုချက်နှင့် တင်သွင်းလာသည့် ဓာတုပစ္စည်းများ လမ်းလွဲမရောက်စေရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ အထူးကြပ်မတ်သွားကြရန်လိုကြောင်း။

**ပိုမိုတိုးမြှင့်ဆောင်ရွက်**

မြန်မာနိုင်ငံ တစ်ဝန်းလုံး ရင်ဆိုင်နေရသည့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန် ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်သည့် မူဝါဒသစ်နှင့်အညီ လုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် တက်ကြွစွာ ပါဝင်ပေးကြရန်နှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စီမံချက်ပါလုပ်ငန်းများထက် ၂၀၂၃ ခုနှစ်တွင် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် က မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကြိုးပမ်းချက်အပေါ် သုံးသပ်တင်ပြပြီး တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လိုအပ်ချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

**တိမ်အသင့်အတင့် ဖြစ်ထွန်းမည်**

နေပြည်တော် ဒီဇင်ဘာ ၁၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိ
- ရခိုင်ပြည်နယ်သည် သဘာဝပထဝီဝင်အနေအထားအရ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အခြားဒေသများနှင့် နှိုင်းစာလျှင် ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့ရ
- နိုင်ငံရေး၊ တိုင်းရင်းသားရေးများအရ ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့သဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအဟန့်အတားများကိုလည်း အကောင်းဆုံးကျော်လွှားပြီး ဖြေရှင်းရန် ဆောင်ရွက်လျက်ရှိ

❐ *ရှေ့ဖုံးမှ*

ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ရခိုင်တိုင်းရင်းသားတို့အတွက် အရေးပါသော နေ့ရက်များစွာအနက်မှ ထူးထူးခြားခြားရှိသော နေ့တစ်နေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီဇင်ဘာလ (၁၅) ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

ရခိုင်တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ရခိုင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် (၄၈) နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ပိုင်းတွင် တည်ရှိပြီး ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်ကြား ကမ်းမြောင်ဒေသ၌ တည်ရှိပါသည်။ သဘာဝပထဝီဝင်အနေအထားအရ အဖိုးတန်မြစ်၊ ချောင်း၊ အင်းအိုင်၊ ကျွန်းများဖြင့် ပြည့်နှက်လျက်ရှိပါသည်။ သဘာဝသယံဇာတပေါကြွယ်ဝပြီး ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့်အတူ ကမ္ဘာ့အလှဆုံးစာရင်းဝင် ပင်လယ်ကမ်းခြေဒေသကိုလည်း ပိုင်ဆိုင်ထားပါသည်။

ရခိုင်ပြည်နယ်သည် ရေခံ၊ မြေခံကောင်းမွန်သော သဘာဝပထဝီဝင်အနေအထားကြောင့် ဆန်ရေစပါး၊ သားငါးနှင့် အဖိုးတန်သဘာဝထွက်ကုန်များထွက်ရှိသည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။ ဒေသခံတိုင်းရင်းသားတို့၏ ချစ်မြတ်နိုးဖွယ်ရာ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် ဒေသတစ်ခုဖြစ်သည်နှင့်အညီ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ၊ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများကို ကောင်းမွန်စွာဆောင်ရွက်နိုင်သော အခင်းအကျင်းနှင့်ပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ဒသမ ၁ မိုင် ကျယ်ဝန်းပြီး ခရိုင်(၅)ခရိုင်၊ မြို့နယ်(၁၇)မြို့နယ်ဖြင့် ဖွဲ့စည်းထားရာမှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် တောင်ကုတ်ခရိုင်နှင့် အမ်းခရိုင်တို့ကို ခရိုင်အဆင့်အဖြစ် တိုးမြှင့်ပေးခဲ့သည့်အတွက် ရခိုင်ပြည်နယ်သည် ခရိုင်(၇)ခရိုင်ဖြင့် ဖွဲ့စည်းထားသော ပြည်နယ်တစ်ခုဖြစ်လာပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်ဒေသသည် ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းလင်းတောက်ပရာဒေသဖြစ်ခဲ့ပြီး မြောက်ဦးဒေသကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မြို့တော်အဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်သည် ရှေးရခိုင်ဘုရင်များလက်ထက်မှစ၍ ယနေ့အချိန်အထိ ရဟန်းစာဆို၊ လူစာဆိုများသာမက ရခိုင်လူမျိုးပညာရှိများ၊ ပညာရှင်များ များစွာ ပေါ်ပေါက်ခဲ့ပါသည်။ ရခိုင်စာပေသည် ဓညဝတီခေတ် အေဒီ (၁)ရာစုခန့်ကပင် စတင်ထွန်းကားလာခဲ့ပါသည်။ မြန်မာစာပေတွင် ထင်ရှားသည့် လောကသာရပျို့ကို ရခိုင်သူမြတ်က လေးမြို့ခေတ်တွင် ရေးသားခဲ့ကြောင်း သမိုင်းဆိုင်ရာမှတ်တမ်းများအရ တွေ့ရှိရသည့်အတွက် စာပေယဉ်ကျေးမှုဓလေ့ထုံးစံသည်တို့တွင် အဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါများလှသည့် ပြည်နယ်ဒေသတစ်ခုပင် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အိမ်စောင့်အစိုးရဖွဲ့စည်းကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်သည် သဘာဝပထဝီဝင် အနေအထားအရ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အခြားဒေသများနှင့်နှိုင်းစာလျှင် ဖွံ့ဖြိုးမှုနောက်ကျ ကျန်နေခဲ့ရပါသည်။ နိုင်ငံရေး၊ တိုင်းရင်းသားရေးများအရ ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့သဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုအဟန့်အတားများကိုလည်း အကောင်းဆုံးကျော်လွှားပြီး ဖြေရှင်းရန် ဆောင်ရွက်လျက်ရှိပါသည်။

ခေတ်အဆက်ဆက်အစိုးရများသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးခဲ့ပါသည်။ တပ်မတော်အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ်ကို အခြားဒေသများထက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ မကျန်ရစ်နေစေရန် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းဒေသများသို့ အချိန်မရွေး ကူးလူးသွားလာဆက်ဆံနိုင်သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးပွားစေခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **"ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ"**ကို ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက်အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ရှိသဖြင့် လူမှုစီးပွားဘဝမြှင့်တင်မှုများ ဆောင်ရွက်ရာတွင် ကျေးလက်နှင့် မြို့ပြကွာခြားချက်များ အနည်းဆုံးဖြစ်လာစေရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့်ရေလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး မတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို ခွင့်ပြုထားပြီး ဖြစ်ပါသည်။

အဆိုပါငွေကို ပြည်ထောင်စုသို့ ပြန်လည်ပေးဆပ်ရန်မလိုဘဲ ရခိုင်ပြည်နယ်အတွင်း စဉ်ဆက်မပြတ် လည်ပတ်အသုံးပြုနိုင်မည်ဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသခံများ၏ ဝင်ငွေလည်း တိုးပွားလာမည်ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရင်ဆိုင်ကြုံတွေ့နေရသော ကူးစက်မြန်ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်–၁၉ ကပ်ရောဂါကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ရှေးနှစ်ပေါင်းများစွာကပင် အေးအတူ ပူအမျှ စုပေါင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအမွေအနှစ်များ၊ စာပေ၊ သဘင်၊ ဂီတ စသည့်အနုပညာများသည် နှစ်ပေါင်းထောင်ချီဖြစ်တည်လာခဲ့ကြပါသည်။ ထိုသို့ တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသော်ငြား ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ချိန်တွင် သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ယွင်းကာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြပါသည်။

ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နေသည့် အချိန်အခါဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားညီနောင်အားလုံး တန်းတူခံစားနိုင်မည့် ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဆွေးနွေးဖက် အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံမှုများ၊ သီးသန့်တွေ့ဆုံဆွေးနွေးမှုများ၊ တရားဝင်တွေ့ဆုံ ဆွေးနွေးမှုများဖြင့် မပြတ်ထိတွေ့ဆက်ဆံလျက်ရှိပါသည်။ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ပါတီနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပထမအကြိမ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဒုတိယအကြိမ် ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးညှိနှိုင်းချက်များအရ ပြည်နယ်အဆင့် နှစ်ဖက်သဘောထားများကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

*စာမျက်နှာ ၄ သို့*

- ❑ **ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားပြီးဖြစ်**
- ❑ **မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

❁ *ရွှေဖုံးမှ*

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ်ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများ၊ ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**စုစည်းညီညွတ်သည့် အားကို တည်ဆောက်**

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် ပူတာအိုဒေသသည် သွားရေးလာရေး ကန့်သတ်ချက်ရှိသည့်နေရာတစ်ခုဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပူတာအိုဒေသအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံများအားလုံး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရန်လိုကြောင်း၊ နယ်မြေခံတပ်ဖြစ်သဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များတွင် ဒေသခံတိုင်းရင်းသားများနှင့် တိုင်းရင်းသူများ ပါဝင်ကြောင်း။

❑ **မိမိတို့ နေ့စဉ်လုပ်ဆောင်နေရသည့် လုပ်ငန်းစဉ်များကို မှန်မှန်ကန်ကန် ဆောင်ရွက်၍ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ နေထိုင်လုပ်ကိုင်မည်ဆိုပါက လေ့ကျင့်သားပြည့်ဝပြီး အရည်အသွေးပြည့်ဝသည့် စစ်သည်များဖြစ်လာမည်ဖြစ်**

❑ **မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် တာဝန်ကျေပွန်ခြင်း၊ စည်းကမ်းတကျရှိပြီး အမိန့်နာခံတတ်မှုရှိခြင်းတို့သည် မိမိတို့၏ အဆင့်တိုးမြှင့်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ရရှိထားသည့် ရာထူးအဆင့်နှင့် လျော်ညီထိုက်တန်အောင် ဆောင်ရွက်ကြရန်လို**

အမျိုးသမီးများသည် မိခင်စိတ်ရှိကြပြီး ၎င်း၏ မိသားစုကိုကာကွယ်လိုသည့် စိတ်အခြေခံရှိပြီးဖြစ်ကြောင်း၊ အချို့သောဒေသများရှိ တပ်ရင်းတပ်ဖွဲ့များသို့ လက်နက်ကိုင်အဖွဲ့များက အလစ်အငိုက်လာရောက်တိုက်ခိုက်ခဲ့ချိန်တွင် တပ်မတော်သားမိသားစုဝင် အမျိုးသမီးများအနေဖြင့် မိမိတို့၏ သားသမီးများနှင့် မိမိတပ်ကို မထိခိုက်အောင် ကာကွယ်လိုသည့်စိတ်ဖြင့် လာရောက်တိုက်ခိုက်သူများကို ရှုပ်ရှုပ်ချုံချုံ ပြန်လည်တိုက်ခိုက်ခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မိခင်စိတ်နှင့် ဖခင်စိတ်ကို ပေါင်းစပ်လိုက်မည်ဆိုပါက မိသားစုတစ်ခုသည် စည်းလုံးညီညွတ်သည့်အားရှိသည့် မိသားစုတစ်ခုဖြစ်လာမည် ဖြစ်ကြောင်း၊ ပူတာအိုဒေသတွင်လည်း အဆိုပါစိတ်ဓာတ်များရှိအောင် တည်ဆောက်သွားကြရန်လိုပြီး စုပေါင်းသည့်အားဖြင့် စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပူတာအိုဒေသသည် အေးမြသည့်ဒေသဖြစ်သဖြင့် ရာသီဥတုနှင့် ကိုက်ညီပြီး မိမိတို့စားရေးကို အထောက်အကူပြုနိုင်သည့် စားပင်သီးနှံများကို စိုက်ပျိုးရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် တတ်နိုင်သမျှ ဆောင်ရွက်နိုင်သည့် အခြေအနေရှိသောကြောင့် တပ်ဌာနချုပ်များတွင် တာဝန်ထမ်းဆောင်သူများအနေဖြင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက စားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**စည်းကမ်းစနစ်တကျရှိပြီး**
**စစ်ရေးအသိ၊ စစ်ရေးသတိ အမြဲရှိရမည်**

တပ်မတော်တွင် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ညွှန်ကြားချက်များရှိပြီး ဖြစ်ကြောင်း၊ စည်းကမ်းတကျရှိစေရန်နှင့် စည်းစနစ်ကျနစေရန်အတွက် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိခြင်းဖြစ်ကြောင်း၊ စစ်စည်းကမ်းများနှင့်အညီ နေထိုင်ကျင့်ကြံနေထိုင်ရန် လိုအပ်သကဲ့သို့ ကိုယ်ပိုင်အချိန်များတွင်လည်း စည်းကမ်းရှိစွာဖြင့် လွတ်လပ်စွာ နေထိုင်ရန်ခွင့်ပြုပေးထားကြောင်း၊ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ သတ်မှတ်ဝတ်စုံများဝတ်ဆင်ရာတွင် စနစ်တကျရှိရန် လိုအပ်သကဲ့သို့ အရပ်ဝတ်ဝတ်ဆင်ရာတွင်လည်း သေသပ်မှုရှိရန်လိုကြောင်း၊ စစ်စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုရှိခြင်းသည် စစ်သည်တစ်ဦးချင်း၏ ဘဝအတွက် ကောင်းမွန်သည့် အလေ့အကျင့်တစ်ခုပင်ဖြစ်ကြောင်း၊ **မိမိတို့ နေ့စဉ်လုပ်ဆောင်နေရသည့် လုပ်ငန်းစဉ်များကို မှန်မှန်ကန်ကန် ဆောင်ရွက်၍ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ နေထိုင်လုပ်ကိုင်မည်ဆိုပါက လေ့ကျင့်သားပြည့်ဝပြီး အရည်အသွေးပြည့်ဝသည့် စစ်သည်များ ဖြစ်လာမည်ဖြစ်ကြောင်း။**

စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့ကိုင်ဆောင်နေရသည့် လက်နက်များ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်စွာအသုံးချနိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား**

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်သည် အရေးပါသောနှစ်များဖြစ်ပါသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော စိန်ရတုပြည်ထောင်စုနေ့ကို နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ပါသည်။ လာမည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့သည်လည်း ( ၇၅ )နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့် အားလျော်စွာ နေပြည်တော်တွင် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အနုပညာရှင်များပါဝင်သော ဂီတပဒေသာကပွဲကို စည်ကားစွာကျင်းပခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍လည်း အားကစားပြိုင်ပွဲများ၊ စာပေနှင့်အနုပညာပြပွဲများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဂုဏ်ပြုယာဉ်များဖြင့် လှည့်လည်ပြသခြင်း၊ တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေခြင်း၊ ပြခန်းများနှင့် ရိုးရာအစားအသောက်များ ကျွေးမွေးဧည့်ခံရောင်းချပေးခြင်း စသည့်အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လွတ်လပ်ရေး၏ အသီးအပွင့်ကို ပြည်သူများသိမြင်ခံစားနိုင်စေရန် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီ့၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည့်တိုင်းရင်းသားများသည် မြန်မာ၊ ချင်း စသည့်တိုင်းရင်းသားများနှင့် အတူယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေးတို့ပေါ်တွင် မှီတည်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်သူ၊ ပြည်နယ်သားများ၏အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးတို့ကို ထမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။


**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ် (၀၆၇-၃၄၃၂၇၁၅)နှင့် (၀၆၇-၃၄၃၂၇၁၆) သို့ (၂၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*

သို့မှသာ စစ်မြေပြင်တွင် လက်နက်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ တာဝန်ထမ်းဆောင်ချိန်ကာလများတွင် သတိဖြင့်နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်မြေပြင်၌ အချိန်၊ ရာသီဥတု၊ မြေအနေအထားတို့အပေါ်တွင် မူတည်၍ အလစ်အငိုက်တိုက်ခိုက်ကြခြင်းဖြစ်သဖြင့် သွားသတိ၊ လာသတိ၊ စားသတိ၊ နေသတိဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

### ပညာရေးအားပေးမြှင့်တင်

စစ်သည်တစ်ဦးချင်း၏ သတ်မှတ်အချိန်အတွင်း ရာထူးတိုးတက်ရေးအတွက် သတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ပေးထားကြောင်း၊ **မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် တာဝန်ကျေပွန်ခြင်း၊ စည်းကမ်းတကျရှိပြီး အမိန့်နာခံတတ်မှုရှိခြင်းတို့သည် မိမိတို့၏ အဆင့်တိုးမြှင့်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ရရှိထားသည့် ရာထူးအဆင့်နှင့် လျော်ညီထိုက်တန်အောင် ဆောင်ရွက်ကြရန်လို** ကြောင်း၊ သုတ၊ ရသများ ပြည့်စုံနေစေရန်အတွက် စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ ထိုသို့လေ့လာနိုင်ရန်အတွက် တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးထားကြောင်း၊ **စာပေဖတ်ရှုခြင်းသည် မိမိတို့ ဘဝအတွက် များစွာအထောက်အကူပြုနိုင်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံး အမြဲမပြတ် ဖတ်ရှုလေ့လာနေရန်လို** ကြောင်း၊ အလားတူ တပ်မတော်သား မိသားစုဝင်များ၏ သားသမီးများ ပညာရည်မြင့်မားရေးအတွက် တပ်မတော်မှ အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ကိုယ်တိုင်ကလည်း အားပေး ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် ပူတာအိုဒေသသည် ဝေးလံခေါင်ဖျားပြီး ရာသီဥတုအေးမြသည့် ဒေသဖြစ်သဖြင့် ကျန်းမာရေးကို အလေးထားနေထိုင်ရန်လိုကြောင်း၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် ကိုယ်လက်လှုပ်ရှားအားကစားများ ဆောင်ရွက်ရန်နှင့် မိမိဘဝအတွက် အကျိုးမရှိသည့် အသောက်အစားနှင့် အပျော်အပါးများကို ဆင်ခြင်တုံတရားဖြင့် ထိန်းသိမ်းနေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

### စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် မေဃဝတီလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်



**ဘူးသီးတောင် ဒီဇင်ဘာ ၁၄**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၌ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၄) ရပ်ကွက်ရှိ မေဃဝတီလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မေဃဝတီလမ်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျန်အေးက အမှာစကား ပြောကြားပြီး ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးခင်မောင်ဇံက ဘူးသီးတောင်မြို့နယ်ရှိ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် မေဃဝတီလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်ပေးရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုင်းဒင်အားမာန် ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးလှသိန်းမောင်က မေဃဝတီလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မေဃဝတီလမ်း ကွန်ကရစ်လမ်းသစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ဓါတ်ပုံ)**

အဆိုပါ လမ်းသည် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပြီး စိုင်းဒင်အားမာန် ဆောက်လုပ်ရေးကုမ္ပဏီက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ဘူးသီးတောင် - မောင်တောသွားရာ လမ်းမကြီး၏ ယာဉ်ကြောပိတ်ဆို့မှုကို ရှောင်ဖယ်နိုင်သောလမ်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မချမ်းဘော့မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၊ ရဝမ်ယဉ်ကျေးမှုပြတိုက် ကြည့်ရှုလေ့လာ

နေပြည်တော် ဒီဇင်ဘာ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာ နမ့်ကျို (မလိခ) မြစ်ကမ်းနံဘေးတွင် တည်ထားကိုးကွယ်သည့် ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကောင်းမှုလုံစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

## လိုအပ်သည်များ မှာကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပူတာအိုခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခေါင်လန်တီး၊ စေတီတော်မြတ်ကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဆိုင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကောင်းမှုလုံ စေတီတော်မြတ်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဘုရားဖူးလာ မိဘပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေး၊ သန့်ရှင်းသပ်ရပ်ပြီး ကြည်ညိုဖွယ်ဖြစ်စေရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်မြတ်ကြီး ဘက်စုံ ပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

## ပြုပြင်မွမ်းမံတည်ဆောက်

အဆိုပါ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီးကို သာသနာသက္ကရာဇ် ၂၄၄ ခုနှစ် သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် မြတ်စွာဘုရား၏ ဓာတ်တော်သုံးဆူကို ဌာပနာသွင်း၍ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက်တို့က စေတီတော်မြတ်ကြီးကို ပြုပြင်မွမ်းမံ တည်ဆောက် ထိန်းသိမ်းခဲ့ကြပြီး မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ နှုတ်ဖျားတွင်လည်း **"အထက်တွင် ကောင်းမှုလုံ၊ အောက်တွင် ရွှေတိဂုံ၊ အလယ်တွင် ရွှေစည်းခုံ"** ဟူ၍ ကျော်ဇောထင်ရှားသပ္ပာယ်စွာဖြင့် တည်ရှိလျက်ရှိကြောင်း၊ ကောင်းမှုလုံ စေတီတော်မြတ်ကြီးသည် အလွန်ရှေးကျသော စေတီတော်ကြီးဖြစ်ပြီး တိုင်းခမ်းတီး ရှမ်းတိုင်းရင်းသား ဘာသာစကားဖြင့် "ကောင်မူးစဝ်ကန်ခမ်း" ရွှေဆတ်မင်းစေတီတော် ဟူ၍လည်းကောင်း၊ ခမ်းတီးလုံဒေသရှိ

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပူတာအိုမြို့ ရဝမ်ယဉ်ကျေးမှုပြတိုက်၌ နိုင်ငံတော်ခေါင်းဆောင်များနှင့် ပြည်နယ်ယဉ်ကျေးမှု ခေါင်းဆောင်များပြကွက်ကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ ရဝမ်ရိုးရာ ရိန်ဒန် (ခေါ်) မနောတိုင်ရှေ့တွင် ရဝမ်တိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပူတာအိုမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား

## ပူတာအိုဒေသကို ခရီးသွားဒေသအဖြစ် ဆောင်ရွက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ပူတာအိုလေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပူတာအိုမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

### ဒေသ၏ ထူးခြားသည့် ဝိသေသများကို အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ပူတာအိုဒေသသည် ဝေးလံခေါင်းပါးသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ သွားလာမှုများ အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပူတာအိုဒေသသည် ထူးခြားသည့် ဝိသေသရှိသည့် ဒေသတစ်ခုဖြစ်ပြီး အေးမြသည့် ရာသီဥတုရှိကာ သဘာဝအလှတရားများဖြင့် ပြည့်စုံနေသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပူတာအိုဒေသကို ခရီးသွားဒေသအဖြစ် ဆောင်ရွက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နိုင်ကြောင်း၊ ဒေသ၏ ထူးခြားမှုအဖြစ် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျောက်လုံးများကို စီ၍ကာရံထားသည့် ကျောက်စီခြံစည်းရိုးများလည်းရှိကြောင်း၊ အဆိုပါ **ကျောက်လုံးစီ ခြံစည်းရိုးများကို လမ်းအလိုက်၊ ရပ်ကွက်အလိုက် စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ကာ စနစ်တကျ လှပသပ်ရပ်စွာဖြင့် ထူးခြားသည့် မြင်ကွင်းတစ်ခုအဖြစ် ဆောင်ရွက်ပြီး ဒေသ၏ Land Mark တစ်ခုအဖြစ် ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်**ကြောင်း၊ အလားတူ ဒေသ၏ လူမှုပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်လှပစေရေး ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မျက်စိပသာဒဖြစ်စေရေးအတွက်လည်း ပန်းအလှပင်များကို စနစ်တကျ စိုက်ပျိုးရန်လိုကြောင်း။

### စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်

ဒေသတွင်း ဆန်ဖူလုံမှုရှိရန်လည်း တစ်ကေချင်းအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ Eating Quality ကောင်းမွန်သည့် အထွက်တိုးစပါးများကိုလည်း စိုက်ပျိုးရန်လိုကြောင်း၊ ယင်းအပြင် စားရေးအတွက် အထောက်အကူပြုစေမည့် ဒေသနှင့်ကိုက်ညီသော ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကိုလည်း ဖူလုံအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ ဒေသအတွင်း စားရေးကိုအထောက်အကူပြုစေမည့် မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် မွေးမြူဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက်လိုအပ်သည့် တိရစ္ဆာန်အစာများကိုလည်း ဒေသတွင်းစိုက်ပျိုးထုတ်လုပ်နိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကိုလည်း ဇီဝမြေဩဇာအဖြစ် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြု၍ရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဂရိတ်ဖရုကဲ့သို့ ပူတာအိုဒေသတွင်သာ ကောင်းမွန်စွာထွက်ရှိသည့် အသီးများလည်းရှိပြီး အဆိုပါအသီးများ အရည်အသွေးကောင်းမွန်စွာဖြင့် အရေအတွက်များများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာများဖြင့် စနစ်တကျသုတေသနပြု စိုက်ပျိုးရန်လိုကြောင်း၊ အလားတူ လက်ဖက်နှင့် ကော်ဖီများကိုလည်း စိုက်ပျိုးနိုင်သည့်ဒေသဖြစ်ခြင်းကြောင့် စိုက်ပျိုးမှုလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်၍ ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပူတာအိုဒေသသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

### ပညာရည်မြင့်မားခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်

ပညာရည်မြင့်မားခြင်းသည် ဒေသများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ချရသည့် အာမခံချက်ပင်ဖြစ်ကြောင်း၊ ပူတာအိုဒေသမှ ပညာတတ်များပေါ်ထွန်းခဲ့သည့် အစဉ်အလာကောင်းများ ရှိပြီးဖြစ်၍ ထိုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ပူတာအိုဒေသတွင်းရှိ ကျောင်းနေအရွယ်ကလေးငယ်များ ပညာရည်မြင့်မားတိုးတက်စေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပညာရေးဝန်ထမ်းများမှပေးသည့် ပညာရေးသည် မိမိတို့ ကလေးငယ်များ၏ အနာဂတ်ဘဝအထောက်အပံ့ကို များစွာဖြစ်စေနိုင်သောကြောင့် ပညာရေးဝန်ထမ်းများကိုလည်း အားပေးစောင့်ရှောက်ရန်လိုအပ်ကြောင်း၊ မိမိတို့၏ ကလေးငယ်များ၏ အနာဂတ်ဘဝ ခရီးတစ်လျှောက်လုံး ပူပင်ကြောင့်ကြကင်းစွာဖြင့် နေထိုင်နိုင်ရေးနှင့် ဘဝတိုးတက်ရေးအတွက် ပညာရေးကို အင်ပြည့်အားပြည့်ဖြင့် အားပေးပြီး လမ်းမှန်ကိုရောက်အောင် အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ တစ်ဦးချင်း ပညာရည်မြင့်မားမှုမှ ဒေသတွင်းပညာရည်မြင့်မားမှုကို ဖြစ်ပေါ်စေပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

စေတီအားလုံးထက် ပုံတော်၏ အရွယ်အစားကြီးခြင်း၊ ဉာဏ်တော်မြင့်မားခြင်း၊ တန်ခိုးအာနုဘော် ပိုမိုကြီးမား မြင့်မြတ်ခြင်းတို့ကြောင့် (စဝ်ကောင်းမှုလုံ)ကြီးမြတ်သော စေတီတော်ဟူ၍ လည်းကောင်း ရည်စူးပူဇော်ခေါ်ဝေါ်ခဲ့ကြကြောင်း စေတီတော်ဘက်စုံပြုပြင်မွမ်းမံခြင်း မှတ်တမ်းများအရ သိရှိရသည်။

### ရင်းနှီးနွေးထွေးစွာကြိုဆို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ်ရှိ ရဝမ်ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးရယ်ဒမ်းတန်နှင့် ရဝမ်တိုင်းရင်းသားတို့က ရဝမ်တိုင်းရင်းသားရိုးရာ တူရိယာများ တီးမှုတ်၍ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

### လိုက်လံကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်လက်နက် ကိရိယာပြကွက်၊ ကျောက်ဖြင့်ပြုလုပ်ထားသည့် အသုံးအဆောင် ပစ္စည်းများပြကွက်၊ သစ်သားထည်အိုးခွက်ပန်းကန် အသုံးအဆောင်များပြကွက်၊ သစ်သားနှင့် ကြိမ်နှီးရက်ဦးဆောင်းများပြကွက်၊ ရိုးရာတူရိယာပြကွက်၊ ဝါးနှီးရက်အသုံးအဆောင်ပစ္စည်းများ ပြကွက်၊ ကြိမ်နှီးဖြင့် ရက်လုပ်သော အသုံးအဆောင်ပစ္စည်းများ ပြကွက်၊ ဓား၊ လှံ၊ ပုဆိန်၊ လေးမြားလက်နက်များပြကွက်၊ ဝါးအသုံးအဆောင်ပစ္စည်းများပြကွက်၊ ရိုးရာခရီးဆောင်လွယ်အိတ်များ ပြကွက်၊ ဒေသထွက် တိုင်းရင်းဆေးများပြကွက်၊ ရိုးရာဂျပ်ခုတ်အထည်ရက် ကိရိယာများပြကွက်၊ ရဝမ်ရိုးရာ လက်ဝတ်ရတနာများပြကွက်၊ ရဝမ်လူမျိုးများ ဆင်းသက်လာရာပြမြေပုံ၊ နိုင်ငံတော်ခေါင်းဆောင်များနှင့် ပြည်နယ်ယဉ်ကျေးမှု ခေါင်းဆောင်များပြကွက်တို့ကို ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုကြရာ ဦးရယ်ဒမ်းတန်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

### ထိန်းသိမ်းစောင့်ရှောက်

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရဝမ်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် သမိုင်းကို ထိန်းသိမ်း နိုင်ခြင်းအတွက် ဝမ်းမြောက် ဂုဏ်ယူကြောင်း၊ ရှေးဟောင်းရိုးရာ လက်မှုအသုံးအဆောင်များသည် အဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက်အထားများဖြစ်သဖြင့် ရေရှည်တည်တံ့မှုရှိစေရေး စနစ်တကျထိန်းသိမ်းရန်နှင့် သန့်ရှင်းသပ်ရပ်စွာ ပြသထားရှိရန်လည်းလိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပိုးမွှားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးယိုယွင်းမှုများ မဖြစ်စေရန်လည်း ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်ကြောင်း မှာကြားသည်။

### မှတ်တမ်းဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရဝမ်ယဉ်ကျေးမှုပြတိုက် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးခဲ့ပြီး ရဝမ်ရိုးရာ ရိန်ဒန် (ခေါ်) မနောတိုင်ရှေ့တွင် ရဝမ်တိုင်းရင်းသားများနှင့် အတူတကွ စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ (ဒေသတွင်းအဆင့်) အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ- ဒေသတွင်းအဆင့် (10th ASEAN Quiz – Regional Level) ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပထမဆုကို မြန်မာနိုင်ငံ၊ ဒုတိယဆုကို မလေးရှားနိုင်ငံ၊ တတိယဆုကို လာအိုနိုင်ငံတို့က ရရှိကြသည်။

အာဆီယံဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများကို ဒေသတွင်းလူငယ်များအကြား ခိုင်မာအားကောင်းသည့် ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူ ပြုနိုင်စေရန် ၂၀၀၂ ခုနှစ်မှစတင်၍ အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်အရ နှစ်နှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပခြင်းဖြစ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ (ဒေသတွင်းအဆင့်)ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

## အိမ်ရှင်အဖြစ်လက်ခံကျင်းပ

၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၀၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၊ ၂၀၀၆ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ ၂၀၀၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၂၀၁၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ၂၀၁၆ ခုနှစ်တွင် လာအိုနိုင်ငံ၊ ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ နိုင်ငံအလိုက် အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကျောင်းသားကျောင်းသူများကို ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ နိုင်ငံအဆင့် ပြိုင်ပွဲများ အဆင့်ဆင့်ပြုလုပ်၍ နိုင်ငံအလိုက် ပထမ၊ ဒုတိယ၊ တတိယ သုံးဦးစီ ရွေးချယ်ကာ အာဆီယံ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ- ဒေသတွင်းအဆင့်တွင် ပါဝင်ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

## တက်ရောက်

အာဆီယံဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ (ဒေသတွင်းအဆင့်) ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားပြုယှဉ်ပြိုင်ကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ ကြီးကြပ်သူများ၊ သင်တန်းနည်းပြများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားပြု ယှဉ်ပြိုင်ကြမည့် ကျောင်းသား၊ ကျောင်းသူများက online ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ASEAN Anthem သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက " Welcome to the 10th ASEAN Quiz " တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

## နိုင်ငံအလိုက်နှုတ်ဆက်

ထို့နောက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားပြု ကျောင်းသား၊ ကျောင်းသူများနှင့် ကြီးကြပ်သူများက နိုင်ငံအလိုက် နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## နှစ်နှစ်တစ်ကြိမ်ကျင်းပ

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခုကျင်းပသည့် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စီမံကိန်းသည် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ ဦးစားပေးအစီအစဉ်များထဲမှ တစ်ခုဖြစ်ပြီး ၂၀၀၂ ခုနှစ်မှ စတင်ကာ နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ပါကြောင်း၊ ဤစီမံကိန်းသည် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ၏ အရေးပါသည့် အစိတ်အပိုင်း တစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

ASEAN Quiz ပြိုင်ပွဲသည် အာဆီယံ၏ အသိအမြင်မြှင့်တင်ရေးကို ထင်ဟပ်စေသည့်အပြင် အာဆီယံလူငယ်များ၏ ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန်နှင့် အာဆီယံကို ပိုမိုလေးနက်သည့် နားလည် သဘောပေါက်မှုနှင့် တန်ဖိုးထားမှုများကို ရရှိစေမည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနေသည့် စီမံကိန်းတစ်ခုဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

## ဗဟုသုတများ မြှင့်တင်ပေးရန်

ယခုကျင်းပသည့် ပြိုင်ပွဲ၏ အဓိကရည်ရွယ်ချက်မှာ လူငယ်မျိုးဆက်သစ်များ အနေဖြင့် အာဆီယံအကြောင်း ပိုမိုသိရှိနားလည်စေရန်နှင့် အာဆီယံဒေသတွင်းနိုင်ငံများ၏ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အသိပညာဗဟုသုတများ မြှင့်တင်ပေးနိုင်ရန်ပင် ဖြစ်ပါကြောင်း။

ASEAN Quiz ၏ ရည်ရွယ်ချက်မှာ အာဆီယံလူငယ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယှဉ်ပြိုင်လိုသည့် စိတ်ဓာတ်များကို ဖော်ထုတ်ပေးနိုင်ရန်၊ ဒေသတွင်း ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် သာယာဝပြောရေးကိုထိန်းသိမ်းပြီး ပိုမိုအောင်မြင်မှုရရှိစေရန်၊ အာဆီယံ၏ မျှော်မှန်းချက်၊ အခန်းကဏ္ဍများနှင့် တာဝန်များကို နားလည်သဘောပေါက်စေရန်၊ အသိပညာ ဗဟုသုတ မြှင့်တင်ပေးနိုင်ရန်၊ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ပေးနိုင်ရန်နှင့် အာဆီယံ ပြည်သူလူထုအကြား အသိပညာပေးနိုင်ရန် အဓိကဖြစ်ပါကြောင်း။

## လူကိုယ်တိုင်တက်ရန်ဖိတ်ကြား

ပထမအကြိမ်ပြိုင်ပွဲမှ အဋ္ဌမအကြိမ်အထိ လက်ခံကျင်းပခဲ့သည့် အိမ်ရှင်နိုင်ငံများက အာဆီယံဒေသတွင်းရှိ ကျောင်းသားလူငယ်များကို လူကိုယ်တိုင် ပါဝင်တက်ရောက်ရန် ဖိတ်ကြားခဲ့ကြပြီး in person event အဖြစ်သာ ကျင်းပခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပချိန်၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အွန်လိုင်းပြိုင်ပွဲအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ရပါကြောင်း၊ ယခုမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ Hybrid ပုံစံဖြင့် စနစ်တကျ ကျင်းပသွားမည် ဖြစ်ပါကြောင်း။

## ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် ထိုင်း Online ဖြင့် ယှဉ်ပြိုင်

ယခုပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့က in person အဖြစ် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့က Online ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ASEAN Quiz ဒေသတွင်းအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများအနေဖြင့် Theme တစ်ခုကိုလည်း ရွေးချယ်ဆောင်ရွက်ကြရပြီး ယခုနှစ်တွင် မြန်မာနိုင်ငံက “ASEAN: A Community of Peace, Prosperity and Sustai-nability” (အာဆီယံသည် ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနှင့် ရေရှည်တည်တံ့ ခိုင်မြဲမှုရှိသည့် အသိုက်အဝန်း တစ်ခုဖြစ်သည်) ဆိုသည့် Theme ကို ရွေးချယ်အတည်ပြုထားပါကြောင်း။

အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ လက်မှတ်ရေးထိုးထားပြီး အာဆီယံပဋိညာဉ်စာတမ်း




ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်)တွင် အာဆီယံနိုင်ငံများမှ ကိုယ်စားပြုကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

တွင် ပါရှိသည့် ရည်ရွယ်ချက်များ၊ အာဆီယံ ဆောင်ပုဒ်ဖြစ်သည့် "တစ်ခုတည်းသော အမြင်၊ တစ်ခုတည်းသော သွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသော အသိုက်အဝန်း" ဆိုသည့် ဆောင်ပုဒ်များကို ထင်ဟပ်ပေါ်လွင်စေရန် Theme ကို စီစဉ်ရွေးချယ်ထားခြင်းဖြစ်ပြီး ဒေသတွင်းအဆင့် ASEAN Quiz ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပထမဆုရရှိသည့် မြန်မာနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။




ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဒုတိယဆုရရှိသည့် မလေးရှားနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တတိယဆုရရှိသည့် လာအိုနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "ပြည်ထောင်စု၏ ထာဝရအလှများ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

**အမှတ်တရလက်ဆောင်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က အကဲဖြတ်ဒိုင်များ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့မှ ကြီးကြပ်သူနှင့် ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း က မလေးရှား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကြီးကြပ်သူနှင့် ပြိုင်ပွဲဝင်များ၊ အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ်ရုံးမှ အကြီးတန်းအရာရှိတို့အား အမှတ်တရ လက်ဆောင်များ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ကပြဖျော်ဖြေတင်ဆက်**

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "မင်္ဂလာပါ အာဆီယံ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-ဒေသတွင်း အဆင့် စတင်ရန် အာဆီယံနိုင်ငံများမှ ကိုယ်စားပြု ကျောင်းသား ကျောင်းသူများ၊ အကဲဖြတ်ဒိုင်များသည် သတ်မှတ်နေရာများ၌ အသီးသီးနေရာယူကြပြီး အကဲဖြတ်ဒိုင် ဒေါ်ဌေးဌေးဆွေက အမှတ်ပေးပုံနှင့် ရွေးချယ်မည့်ပုံစံကို ရှင်းလင်းတင်ပြကာ ပြိုင်ပွဲကို စတင်သည်။

**ကျောင်းသား/သူများ ယှဉ်ပြိုင်**

အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) တွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းနှင့် အာဆီယံဒေသဆိုင်ရာ အထွေထွေ ဗဟုသုတများကို Multiple Choice , Fill in the Blank, True or False, Mixed Question ပွဲစဉ်လေးခုဖြင့် အာဆီယံနိုင်ငံများမှ ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "We are One" တေးသီချင်းဖြင့် လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "ထာဝရမြန်မာ" တေးသီချင်းဖြင့် လည်းကောင်း ကပြဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဖျော်ဖြေပေးသည့် အနုပညာရှင်များအား လက်ဆောင်ပန်းခြင်း ပေးအပ်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က တတိယဆုရရှိသည့် လာအိုနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဒုတိယဆုရရှိသည့် မလေးရှားနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် မြန်မာနိုင်ငံမှ ကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် အာဆီယံနိုင်ငံများမှ ကိုယ်စားပြု တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူများသည် နေပြည်တော်ရှိ ကျောက်မျက်ပြတိုက်နှင့် အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာကြည့်ရှုကြသည်။

ညနေပိုင်းတွင် အာဆီယံဉာဏ်စမ်းပဟေဠိ (ဒေသတွင်းအဆင့်) ပြိုင်ပွဲ အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲကို Park Royal ဟိုတယ်၌ကျင်းပရာ ရှေးဦးစွာ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကျောင်းသား ကျောင်းသူများက သက်ဆိုင်ရာနိုင်ငံအလိုက် တေးသီချင်းများ ပျော်ရွှင်စွာသီဆိုကြသည်။ ထို့ပြင် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ကျောင်းသား ကျောင်းသူများက သက်ဆိုင်ရာနိုင်ငံအလိုက် ရိုးရာအက၊ တေးသီချင်းများဖြင့် ပျော်ရွှင်စွာ စုဖွဲ့သီဆိုကြသည်။

**အသိအမှတ်ပြုလက်မှတ်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဆီယံနိုင်ငံများမှ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်သူများအား ကျေးဇူးတင်စကားပြောကြားပြီး ပြိုင်ပွဲဝင် ၁၈ ဦးအား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းအတွက် အသိအမှတ်ပြု လက်မှတ်များ တစ်ဦးချင်းစီ ပေးအပ်သည်။

ညစာဖြင့် တည်ခင်းဧည့်ခံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တက်ရောက်လာကြသူများကလည်း တေးသီချင်းများဖြင့် ပျော်ရွှင်စွာ ပါဝင်သီဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၏ ဇနီး ဒေါ်ခင်ဆွေဝင်းက ပြိုင်ပွဲဝင်များအား ဒေသထွက်မြန်မာ့ရိုးရာစားသောက်ကုန် ပစ္စည်းများကို တစ်ဦးချင်းစီ ကံစမ်းမဲဖောက်၍ လက်ဆောင် ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီးများ ဆုရရှိသည့်နိုင်ငံများမှကြီးကြပ်သူနှင့် ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) ဓာတ်ပုံမြင်ကွင်း







ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်)တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်)တွင် ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားပြုယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများက online ဖြင့် ပါဝင်ယှဉ်ပြိုင်စဉ်။



ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်)ကို တက်ရောက်ကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။



ကမ္ဘောဒီးယားနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ နှုတ်ဆက်စဉ်။



အင်ဒိုနီးရှားနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ နှုတ်ဆက်စဉ်။



လာအိုနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ နှုတ်ဆက်စဉ်။



မလေးရှားနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ နှုတ်ဆက်စဉ်။



မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ နှုတ်ဆက်စဉ်။



ဗီယက်နမ်နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူတို့ နှုတ်ဆက်စဉ်။

# ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) ဓာတ်ပုံမြင်ကွင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ပြည်ထောင်စုဝန်ကြီးများ ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) ပြိုင်ပွဲဝင်နိုင်ငံများမှ ကြီးကြပ်သူနှင့် ပြိုင်ပွဲဝင်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ အကြီးတန်းအရာရှိတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



အာဆီယံနိုင်ငံများမှ ကိုယ်စားပြုတက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူများ နေပြည်တော်ရှိ ကျောက်မျက်ပြတိုက်အတွင်း လေ့လာကြည့်ရှုကြစဉ်။




မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "မင်္ဂလာပါ အာဆီယံ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။




သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "ပြည်ထောင်စု၏ ထာဝရအလှများ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြစဉ်။

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(ဒေသတွင်းအဆင့်)မှ ဝမ်းသာပီတိစကားသံများ

တွေ့ဆုံမေးမြန်း - ဝင်းသန့်၊ ဓာတ်ပုံ - ကိုအေးသန်း



မောင်ပြည့်စုံချမ်းသာ (ပထမဆု)
မြန်မာနိုင်ငံကိုယ်စားပြု
ဝင်ရောက်ယှဉ်ပြိုင်သူ



Mr. George (ဒုတိယဆု)
မလေးရှားနိုင်ငံကိုယ်စားပြု
ဝင်ရောက်ယှဉ်ပြိုင်သူ



Ms. Sirilak Sengdara (တတိယဆု)
လာအိုနိုင်ငံ ကိုယ်စားပြု
ဝင်ရောက်ယှဉ်ပြိုင်သူ



ဒေါ်စောကလျာစု(အကဲဖြတ်ဒိုင်)
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား
စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန



ဒေါ်မြတ်သူဇာသန်း(အကဲဖြတ်ဒိုင်)
ညွှန်ကြားရေးမှူး အာဆီယံရေးရာ
ဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန



ဒေါက်တာ စန္ဒာမြငြိမ်း
အထက(၁) ဒဂုံ
ကျောင်းအုပ်ကြီး



မမေသဲဖြူအုန်း
အောင်မြေသာဇံမြို့နယ်
မန္တလေးတိုင်းဒေသကြီး

အာဆီယံဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများကို ဒေသတွင်း လူငယ်များအကြား ခိုင်မာအားကောင်းသည့် ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုနိုင်စေရန် ၂၀၀၂ ခုနှစ်မှစတင်၍ အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်အရ နှစ်နှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ - ဒေသတွင်းအဆင့် (10th ASEAN Quiz-Regional Level) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ အခမ်းအနားသို့ တက်ရောက်လာသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။

**မောင်ပြည့်စုံချမ်းသာ (ပထမဆု)**
**မြန်မာနိုင်ငံကိုယ်စားပြု**
**ဝင်ရောက်ယှဉ်ပြိုင်သူ**

အခုလို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ဆိုတာ နှောင်အနှစ် ၂၀ ကြာမှ တစ်ကြိမ်အခွင့်အရေးရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သုံးယောက်က မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရတာဖြစ်လို့ မြန်မာနိုင်ငံရဲ့ ဂုဏ်ကိုဆောင်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ အခုလို ဆုရရှိခဲ့တဲ့အတွက်လည်း ဝမ်းသာကြည်နူးရပါတယ်။ အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲက နှစ်နှစ်တစ်ကြိမ် ကျင်းပနေမှာဖြစ်တဲ့အတွက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် အသိပညာ၊ ဗဟုသုတတွေ၊ အတွေ့အကြုံသစ်တွေ အများကြီးရရှိစေပါတယ်။ မိတ်ဆွေသူငယ်ချင်းအသစ်တွေလည်း တိုးပွားစေတဲ့အတွက် ပါဝင်ယှဉ်ပြိုင်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**Mr. George (ဒုတိယဆု)**
**မလေးရှားနိုင်ငံကိုယ်စားပြု**
**ဝင်ရောက်ယှဉ်ပြိုင်သူ**

ဒီပွဲမှာ အခုလို ဆုရရှိခဲ့တဲ့အတွက် ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ကျွန်တော်တို့ သုံးဦးနဲ့ ကြီးကြပ်သူတွေ၊ နည်းပြဆရာတွေ အားလုံး အတိုင်းမသိ ဝမ်းသာပျော်ရွှင်ရပါတယ်။ ကျွန်တော်တို့အနေနဲ့ အင်တာနက်ပေါ်က အချက်အလက်ရှာဖွေတာတွေကို လုပ်ဆောင်ရပါတယ်။ ဒီပွဲအတွက် မအိပ်မနေ ကျွန်တော်တို့ ကြိုးစားခဲ့ရပါတယ်။ မြန်မာနိုင်ငံက တကယ့်ကို သာယာလှပတဲ့နိုင်ငံဖြစ်ပြီး ဘုရားပုထိုးစေတီတွေ များစွာရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံက ထွက်ရှိတဲ့အရာတွေထဲက ကျွန်တော်သဘောအကျဆုံးက ကော်ဖီဖြစ်ပြီး မြန်မာ့ရိုးရာဝတ်စုံကလည်း လှပပါတယ်။

**Ms. Sirilak Sengdara (တတိယဆု)**
**လာအိုနိုင်ငံ ကိုယ်စားပြု**
**ဝင်ရောက်ယှဉ်ပြိုင်သူ**

ဒီပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် အချိန်အများကြီးယူပြီး ပြင်ဆင်ခဲ့ရပါတယ်။ ကြီးကြပ်သူတွေ၊ နည်းပြတွေနဲ့လည်း အကြိမ်ကြိမ် သုံးသပ်ဆွေးနွေးတာတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီနိုင်ငံကို အခုလို လာရောက်ခွင့်ရတဲ့အတွက် အတိုင်းမသိ ပျော်ရွှင်ရပါတယ်။ ဒီနိုင်ငံရဲ့ ယဉ်ကျေးမှုတွေနဲ့ ရင်းနှီးခင်မင်မှုတွေကို သဘောကျနှစ်သက်မိပါတယ်။

**ဒေါ်စောကလျာစု(အကဲဖြတ်ဒိုင်)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား**
**စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

အာဆီယံမှာ မဏ္ဍိုင်သုံးရပ်ရှိပါတယ်။ အာဆီယံ စီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်အနေနဲ့ ကျွန်မတို့ဝန်ကြီးဌာနက အဓိကတာဝန်ယူ ဆောင်ရွက်နေပါတယ်။ ဒါကြောင့် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲမှာ ဒိုင်အဖြစ် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒီအာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲက နိုင်ငံ ၁၀ နိုင်ငံမှာ ကျင်းပလာတာဖြစ်ပါတယ်။ ဒီနှစ်က မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတာဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံရဲ့ ကလေးတွေနဲ့ နိုင်ငံရဲ့ ပုံရိပ်အတွက် ဂုဏ်ယူစရာကိစ္စတစ်ခု ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံအတွက် ဂုဏ်ယူစွာနဲ့ အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ခဲ့တာဖြစ်ပါတယ်။

အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပခြင်းအားဖြင့် နိုင်ငံ ၁၀ နိုင်ငံမှာရှိတဲ့ ကျောင်းသားလူငယ်အချင်းချင်း ပေါင်းသင်းဆက်ဆံမှုတွေ တိုးတက်လာစေပါတယ်။ ကိုယ့်နိုင်ငံကို ဂုဏ်ယူတတ်စေတဲ့ အလေ့အကျင့်ကောင်းတွေလည်း ရရှိစေပါတယ်။ ဒါ့အပြင် အနာဂတ်မှာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်တဲ့အခါ အာဆီယံဒေသဆိုင်ရာ ဗဟုသုတတွေ၊ ဒီပွဲကရရှိလာတဲ့ အတွေ့အကြုံတွေ၊ ကိုယ့်နိုင်ငံရဲ့အကျိုးသာမက ဒေသတွင်းမှာပါ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတဲ့ အသိပညာတွေပါ ရရှိစေမှာဖြစ်ပါတယ်။

**ဒေါ်မြတ်သူဇာသန်း(အကဲဖြတ်ဒိုင်)**
**ညွှန်ကြားရေးမှူး**
**အာဆီယံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

ဒီပြိုင်ပွဲဝင်တွေက နိုင်ငံတကာအဆင့်ဆင့်မှာ ပြိုင်ပွဲဝင်လာကြတဲ့ ကလေးတွေ ဖြစ်ပါတယ်။ Regional Level ပါဝင်ယှဉ်ပြိုင်ခွင့်ရတာ ကလေးတွေအတွက် အများကြီး အကျိုးရှိသလို အာဆီယံနိုင်ငံအချင်းချင်း၊ လူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေ များစွာတည်ဆောက်နိုင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အလှည့်ကျကျင်းပခွင့်ရတာဖြစ်တဲ့အတွက် ထူးခြားတဲ့အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ဒီလိုထူးခြားတဲ့ အခွင့်အရေးမှာ ပြိုင်ပွဲဝင်ကျောင်းသားတွေသာမက တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းသားတွေလည်း ကြည့်ရှုခွင့်ရတဲ့အတွက် အာဆီယံဒေသဆိုင်ရာ အကြောင်းအရာတွေကို ပိုမိုစိတ်ဝင်စားလာစေပြီး အခွင့်အလမ်းတွေလည်း ရရှိလာစေမှာ ဖြစ်ပါတယ်။

**ဒေါက်တာ စန္ဒာမြငြိမ်း**
**အထက(၁)ဒဂုံ ကျောင်းအုပ်ကြီး**

ဒီအာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့ ကလေးတွေအတွက်ရော၊ အထက(၁) ဒဂုံကျောင်းအနေနဲ့ရော များစွာဂုဏ်ယူပါတယ်။ နှောင်လာနောက်သား ကျောင်းသားလေးတွေလည်း အားကျအတုယူစိတ်ဖြစ်ပြီး နောက်နှစ်နှစ်အကြာမှာ ကျင်းပမယ့် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲအတွက် ကြိုတင်လေ့လာနိုင်တဲ့ အခွင့်အရေးတွေလည်း ရရှိစေပါတယ်။

**မမေသဲဖြူအုန်း**
**အောင်မြေသာဇံမြို့နယ်**
**မန္တလေးတိုင်းဒေသကြီး**

သမီးတို့က မေလ National level ပြိုင်ပွဲပြီးကတည်းက ဆရာကြီး၊ ဆရာမကြီးတွေက သေချာလေ့ကျင့်ပေးခဲ့တာ ဖြစ်ပါတယ်။ သမီးက အရန်ဆိုတော့ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပါဘူး။ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့ သူငယ်ချင်းသုံးယောက်ကို အကောင်းဆုံးအားပေးမှာပါ။

## တောင်တွင်းကြီးမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကျင်းပ

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၄** ကျောင်းသား ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန် ရည်ရွယ်၍ တောင်တွင်းကြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်လှလှဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က လူငယ် စကားဝိုင်း ကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့မအခြေခံပညာ အလယ်တန်းကျောင်းမှ Grade-7 ကျောင်းသူ မလင်းလက်ကြည်ဖြူက လူငယ်နှင့် ပညာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မအဲမွန်တာရာက လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မဆုနန္ဒာလင်းလက်က လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မပြေသာဖူးဝေက လူငယ်နှင့် ကြီးပွားရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်မင်းခန့်ကျော်က လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးပါဝင်ဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ၏ ဗဟိုအဆင့် နည်းပြသင်တန်းဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၁၄

**မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ၏ ဗဟိုအဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**





သင်တန်းဖွင့်ပွဲတွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံအတွင်းရှိ လူဦးရေစာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်သကဲ့သို့ ကြီးကြပ်မှုဗဟိုကော်မတီကလည်း တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်နှင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်း ကောက်ယူရေးအဖွဲ့ (Working Group)ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး သတ်မှတ်ကာလအချိန်တိုအတွင်း ပြီးစီးနိုင်ရေးနှင့် တိကျမှန်ကန်သော လူဦးရေစာရင်း ရရှိစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို သင်တန်းများ ဖွင့်လှစ်ပို့ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် ဗဟိုအဆင့် နည်းပြသင်တန်းများတွင် ထိထိရောက်ရောက် ပြန်လည်ပို့ချနိုင်သည်အထိ တတ်ကျွမ်းနားလည်မှသာ လက်တွေ့မြေပြင် ကွင်းဆင်းကောက်ယူမည့် အဖွဲ့များအနေဖြင့် လက်တွေ့နယ်ပယ်၌ တိကျမှန်ကန်သော လူဦးရေစာရင်းများ ကောက်ယူမှတ်သားနိုင်မည်ဖြစ်ကြောင်း၊ မြေပြင်ကွင်းဆင်းကောက်ယူရာတွင် မသန်စွမ်းငါးမျိုး၏ အချက်အလက်များကိုလည်း သတ်မှတ်ပုံစံဖြင့် ကောက်ယူနိုင်ရေး သက်ဆိုင်ရာဌာနမှ လာရောက်ရှင်းလင်း ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် စနစ်တကျ လိုက်နာမှတ်သားကြရန်နှင့် မရှင်းလင်းသည့်အချက်များကို ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးကြရန် လိုကြောင်း၊ သို့မှသာ မိမိတို့ ပိုင်ပိုင်နိုင်နိုင် နားလည်တတ်ကျွမ်းသည့် အကြောင်းအရာများကို ဆင့်ပွား သင်တန်းများ၌ ထိထိရောက်ရောက် ပြန်လည်ရှင်းလင်းသင်ကြားပို့ချနိုင်မည်ဖြစ်ပြီး လက်တွေ့ဆောင်ရွက်မှုများတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယခုဖွင့်လှစ်သည့် ဗဟိုအဆင့် နည်းပြသင်တန်းကို နေပြည်တော်၌ ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆင့်ပွားသင်တန်းများကို သက်ဆိုင်ရာ ဒေသများ၌ ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် လည်းကောင်း၊ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများကို သက်ဆိုင်ရာ မြို့နယ်များ၌ ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင်လည်းကောင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့ (Working Group)များက ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ၂၃ ရက်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်နက်တည်း ကောက်ယူမှတ်သားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရွှေ့လျားဆေးကုသယာဉ်နှင့် ဝန်ကြီးဌာနများသို့ ကွင်းဆင်းဆေးကုသမှု ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ယနေ့တွင် ရွှေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် ပြည်ထောင်စုနယ်မြေရှိ လူမှုဖူလုံရေးအကျုံးဝင် ဝန်ကြီးဌာနများဖြစ်သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနများသို့ ကွင်းဆင်းဆေးကုသမှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အာမခံအလုပ်သမား ၁၈၉၄ ဦးရှိသည့်အနက် အာမခံအလုပ်သမား ၂၉၅ ဦးကို လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနမှ အာမခံအလုပ်သမား ၉၀၈ ဦးရှိသည့်အနက် အာမခံအလုပ်သမား ၂၀၂ ဦးကို လည်းကောင်း ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



အလုပ်သမားဝန်ကြီးဌာနသို့ ရွှေ့လျား ဆေးကုသယာဉ် (Mobile Medical Unit) ကွင်းဆင်းကုသ ဆောင်ရွက်နေမှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ကြည့်ရှုအားပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ထမ်းများအတွက် နှာခေါင်းစည်းများနှင့် အားဆေးများကို ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် အဖွဲ့ရုံးတို့ရှိ ညွှန်ကြားရေးမှူးချုပ်များကို ပေးအပ်သည်။ **(အပေါ်ပုံ)**

လုပ်ခလစာ တစ်လလျှင် ငွေကျပ်တစ်သိန်းရရှိသည့် အာမခံအလုပ်သမား တစ်ဦးအနေဖြင့် အလုပ်သမား ထည့်ဝင်ကြေး ၂ ရာခိုင်နှုန်းအတွက် ငွေကျပ် ၂၀၀၀ နှင့် အလုပ်ရှင်မှ ၃ ရာခိုင်နှုန်းအတွက် ငွေကျပ် ၃၀၀၀ စုစုပေါင်း ၅ ရာခိုင်နှုန်းအတွက် ငွေကျပ် ၅၀၀၀ ပေးသွင်းရပြီး အများဆုံး လုပ်ခလစာငွေကျပ် သုံးသိန်းအထိ သတ်မှတ်ထားပြီး အလုပ်သမားထည့်ဝင်ကြေး ၂ ရာခိုင်နှုန်းအတွက် ၆၀၀၀ ကျပ်နှင့် အလုပ်ရှင်မှ ၃ ရာခိုင်နှုန်းအတွက် ငွေကျပ် ၉၀၀၀ စုစုပေါင်း ၅ ရာခိုင်နှုန်းအတွက် ငွေကျပ် ၁၅၀၀၀ ပေးသွင်းရကာ လစဉ် ထည့်ဝင်ကြေးပေါ် မူတည်၍ မကျန်းမာမှု အကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ နာရေးစရိတ်၊ အလုပ်တွင် ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်၊ အမြဲတမ်းမသန်စွမ်း အကျိုးခံစားခွင့်နှင့် အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် စသည်တို့ကို ခံစားရရှိနိုင်သည်။

လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်ရှိ အကျုံးဝင် အာမခံ အလုပ်သမားပေါင်း (၁ ဒသမ ၂၃) သန်းခန့်၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို အလုပ်သမားဆေးရုံကြီးသုံးရုံ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရုံးခွဲပေါင်း ၉၉ ရုံး၊ မြို့နယ်ဆေးခန်းပေါင်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၇ ခန်း၊ PPS စနစ်ဖြင့် Fee for services payment ဆေးခန်း ၁၂ ခန်း၊ Capitation payment ဆေးခန်း ၂၅ ခန်း၊ သားဖွားမီးယပ်ဝန်ဆောင်မှု ဆေးခန်းရှစ်ခန်းနှင့် တိုင်းရင်းဆေးကုခန်း တစ်ခန်းအပြင် ရွှေ့လျားဆေးကုသယာဉ် Mobile Medical Unit နှစ်စီးနှင့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ အာမခံအလုပ်သမားများအတွက် ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များသို့ ကွင်းဆင်းဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၂၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၃၅၂၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၂၄၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၃၀၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန် အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ဒီဇင်ဘာ ၁၃ ရက်မှစ၍ အစိုးရရပ်ကွက်ရှိ မြို့မအားကစားဘောလုံးကွင်း မိုးလုံလေလုံအားကစားခန်းမနှင့် ကားဂိတ်ဝင်းအတွင်းရှိ ဖူဆယ်ဘောလုံးကွင်းတို့၌ ကျင်းပစဉ်။ တင်ထွန်းဦး၊ ဖြိုးဝေလင်း

# ကွန်ဂိုနိုင်ငံ၌ ရေကြီးမှုကြောင့် လူဦးရေ ၁၂၀ ထက်မနည်း သေဆုံး



ရေကြီးမြေပြိုမှုကြောင့် နေအိမ်နှင့်လမ်းများ ပျက်စီးမှုဖြစ်ပွားစဉ်။

**ကင်ရှာဆာ ဒီဇင်ဘာ ၁၄**

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာကွန်ဂို ) တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုဖြစ်ပေါ်ခဲ့ပြီး လူ ၁၂၀ ထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။ ထိခိုက်ဒဏ်ရာရရှိသူအများအပြားရှိကြောင်းလည်း သိရသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဒီဇင်ဘာ ၁၃ ရက်တွင် မြို့တော်ကင်ရှာဆာရှိ အဆောက်အအုံများမှာ ရွှံ့ရေများစီးဆင်းလာမှုကြောင့် ပျက်စီးခဲ့ရသည်။ ရေမြုပ်နေသော ရပ်ကွက်များမှ ဒေသခံများကို ကယ်တင်ရန် ခါးလောက်ရှိသော ရေထဲကို ဖြတ်သန်းသွားနေရသည့် လူများကို ရိုက်ကူးထားသည်ကို ဗီဒီယိုဖိုင်ထဲတွင် တွေ့မြင်ရသည်။

ရေကြီးမှုဖြစ်ပွားသည့်ဒေသမှ မြေကွက်များပေါ်ရှိ အိမ်အများစုမှာ တရားဝင်ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ရေကြီးမှုကြောင့် အဝေးပြေးလမ်းလည်း ပျက်စီးသွားခဲ့ရပြီး အဆိုပါလမ်းကိုပြင်ဆင်ရန် အချိန်အနည်းငယ် ကြာဦးမည်ဟု သိရသည်။

အပျက်အစီးစာရင်းကို ကောက်ယူနေပြီး ဒေသခံအာဏာပိုင်များသည် ဆက်သွယ်ရေးလမ်းများ မပြတ်တောက်သွားစေရေးအတွက် အလျင်အမြန် လုပ်ဆောင်နေကြသည်။ ၂၀၁၉ ခုနှစ်တွင်လည်း ကင်ရှာဆာမြို့ အနီးတစ်ဝိုက်တွင် ရေကြီးမှုနှင့်မြေပြိုမှုဖြစ်ပွားခဲ့ရာ လူ ၃၀ ကျော် သေဆုံးခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## ထိုင်း နိုင်ငံတကာမော်တော်ကားပြပွဲ၌ ယခင်နှစ်က မော်တော်ယာဉ်မှာယူမှုထက် ၁၆ ရာခိုင်နှုန်းတက်လာ

**ဘန်ကောက် ဒီဇင်ဘာ ၁၄**

ထိုင်း နိုင်ငံတကာမော်တော်ကားပြပွဲ ၂၀၂၂ တွင် မော်တော်ယာဉ်မှာယူမှုသည် ယခင်နှစ် နိုင်ငံတကာမော်တော်ကားပြပွဲတွင် မှာယူမှုထက် ၁၆ ရာခိုင်နှုန်း တက်လာကြောင်း ပွဲစီစဉ်သူက ပြောသည်။

ယခုနှစ် ထိုင်း နိုင်ငံတကာမော်တော်ကားပြပွဲကို မြို့တော်ဘန်ဘောက်၌ တနင်္လာနေ့အထိ ကျင်းပခဲ့ပြီး မော်တော်ယာဉ်မှာယူမှုမှာ ယာဉ်အစီးရေ ၄၂၇၀၀ ကျော်ရှိသည့်အတွက် ယခင်နှစ်က မှာယူမှုထက် ၁၆ ရာခိုင်နှုန်း တက်လာကြောင်း ပွဲဖြစ်မြောက်ရေးဥက္ကဋ္ဌဖြစ်သူ ခွမ်ချိုင်းပါပတ်ဖောင်းက ပြောသည်။

အဆိုပါ မော်တော်ကားပြပွဲကို မြို့တော်ဘန်ကောက်၌ ၁၃ ရက်ကြာကျင်းပခဲ့ပြီး စုစုပေါင်း လာရောက်ကြည့်ရှုသူ ၁ ဒသမ ၃၃ သန်းကျော် ရှိခဲ့ကြောင်းနှင့် မော်တော်ယာဉ်မှာယူမှု အများဆုံးမှာ တိုယိုတာနှင့် ဟွန်ဒါကား ဖြစ်ပြီး ၆၀၆၄ စီးနှင့် ၃၂၅၂ စီးဖြစ်ကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**



## ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၃၄ ဘီလီယံအထိ ရှိလာရန် ဗီယက်နမ် ရည်မှန်း

**ဟနွိုင်း ဒီဇင်ဘာ ၁၄**

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် စိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံအထိ ရှိလာရန် ရည်မှန်းထားကြောင်း ဒီဇင်ဘာ ၁၄ ရက်တွင် ဗီယက်နမ်နယူးစ်သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် ကော်ပိုရေးရှင်းအဖွဲ့ကြီးများနှင့် ပူးပေါင်းဆောင်ရွက်ရေး အားကောင်းအောင် လုပ်ဆောင်ခြင်းအပါအဝင် ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်ပြည့်မီရေး အစီအမံများကို မိတ်ဆက် ရှင်းလင်းခဲ့ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသော နိုင်ငံအတွက် စိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏသည် လွန်စွာ နည်းပါးနေသေးသည်ဟု စိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (အမ်အေအာရ်ဒီ) အောက်ရှိ မူဝါဒနှင့် မဟာဗျူဟာဆိုင်ရာ အင်စတီကျူမှ တာသူထောင်းကို ကိုးကား၍ ဗီယက်နမ်နယူးစ်သတင်းစာတွင် ဖော်ပြထားသည်။



ဗီယက်နမ်နိုင်ငံ လောင်အန်းပြည်နယ် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် စပါးရိတ်သိမ်းနေစဉ်။

၂၀၀၉ - ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသည် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ သန်းကျော် တန်ဖိုးရှိ စီမံကိန်း ၂၀၀၀ နီးပါးသာ ရှိခဲ့သည်ဟု ဆိုသည်။ နယ်ပယ်ကဏ္ဍစုံရှိ စက်မှုလုပ်ငန်းများ အထူးသဖြင့် နည်းပညာ လွှဲပြောင်းမှုတွင် ကော်ပိုရေးရှင်း အဖွဲ့ကြီးများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အရေးတကြီး လိုအပ်ကြောင်း အမ်အေအာရ်ဒီ၏ သတင်းထုတ်ပြန်ရေး အကြီးအကဲဖြစ်သူ ငုယင် အန်ဖောင်က ပြောသည်။

**ဆင်ဟွာ**

## ချီလီနိုင်ငံ၌ တောမီးကြောင့် နေအိမ် ၄၆ လုံး ပျက်စီးပြီး တစ်ဦးသေဆုံး

**ဆန်တီယာဂို ဒီဇင်ဘာ ၁၄**

ချီလီနိုင်ငံမြို့တော်ဒေသတွင် တောမီးလောင်ကျွမ်းခဲ့ရာ တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ တောမီးကြောင့် နေအိမ် ၄၆ လုံး ပျက်စီးခဲ့ရသည်ဟု ပြည်ထဲရေးနှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ အမျိုးသားအရေးပေါ်ကိစ္စရပ်များ ဌာနက ဒီဇင်ဘာ ၁၃ ရက်တွင် ပြောသည်။

မြို့တော်ဆန်တီယာဂို အနောက်တောင်ဘက် ၇၀ ကီလိုမီတာအကွာရှိ ကျေးလက်မြို့လေးတွင် ဒီဇင်ဘာ ၁၁ ရက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးငြိမ်းသတ်ရန်ကြိုးပမ်းသော်လည်း ဆက်လက်လောင်နေဆဲဖြစ်ကြောင်း အဆိုပါဌာနက ပြောသည်။

မီးလောင်မှုကြောင့် လူပေါင်း ၁၈၄ ဦးမှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ နိုင်ငံအတွင်း တောမီးလောင်မှု၏ ၅၂ ရာခိုင်နှုန်းမှာ ပေါ့ဆမှု သို့မဟုတ် မတော်တဆမှုများကြောင့် ဖြစ်ရခြင်းဖြစ်ကြောင်း၊ သဘာဝကြောင့် ဖြစ်ရသည်မှာ ၁ ရာခိုင်နှုန်းသာရှိကြောင်း ချီလီနိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီးက ဒီဇင်ဘာ ၁၂ ရက်တွင် ပြောသည်။ တောမီးလောင်ရခြင်း၏ ၁၂ ရာခိုင်နှုန်းကိုမူ စုံစမ်းနေဆဲဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

**ဆင်ဟွာ**

## နိုင်ငံတကာဘောလုံးပွဲများကို လောင်းကစားပြုလုပ်နေသည့် ထိုင်းနိုင်ငံ၏ အကြီးဆုံးလောင်းကစားဂိုဏ်းကြီးကို ထိုင်းရဲများ ဖြိုခွင်း

**ဘန်ကောက် ဒီဇင်ဘာ ၁၄**

ကာတာနိုင်ငံ၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ဖလားဘောလုံးပွဲကို ဘောလုံးချစ်ပရိသတ်များ အာရုံစိုက်နေစဉ် ထိုင်းနိုင်ငံရှိ ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံတကာဘောလုံးပွဲများကို လောင်းကစားပြုလုပ်နေသည့် ထိုင်းနိုင်ငံ၏ အကြီးဆုံး လောင်းကစားဂိုဏ်းကြီးကို ဖြိုခွင်းလိုက်ကြောင်း ဒီဇင်ဘာ ၁၄ ရက်က နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ထိုင်းနိုင်ငံရှိ ရဲတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၃ ရက်က ဘန်ကောက်နှင့် ချင်းရိုင်မြောက်ပိုင်း ပြည်နယ်များရှိ နေရာ ၁၃ ခုကို ဝင်ရောက်စီးနင်းခဲ့ရာ တရားမဝင် လောင်းကစားနှင့် ငွေကြေးခဝါချမှုတို့နှင့် သက်ဆိုင်သော ဝက်ဘ်ဆိုက်အော်ပရေတာ အပါအဝင် လောင်းကစားပြုလုပ်သူ ငါးဦးကို ဖမ်းဆီးရမိခဲ့သည်။




ငါးနှစ်တာ လောင်းကစားပြုလုပ်သည့် ကာလအတွင်း အမေရိကန်ဒေါ်လာ ၈၅ သန်းကျော်တန်ဖိုးရှိသော ငွေပေးချေမှုများပြုလုပ်ခဲ့သည်ဟု ထိုင်းရဲတပ်ဖွဲ့ဝင်များက ပြောသည်။

အဆိုပါ လောင်းကစားအဖွဲ့သည် တာဝန်ရှိ ရဲများ၏သံသယမှ လွတ်ကင်းရန် ၎င်းတို့၏ အမြတ်ငွေများကို ဇိမ်ခံနာရီများ၊ တန်ဖိုးကြီး လက်ကိုင်အိတ်များနှင့် ဇိမ်ခံကားများတွင် ရင်းနှီးမြှုပ်နှံခဲ့သည်။

ထိုင်းထီနှင့် မြင်းပြိုင်ပွဲများမှလွဲ၍ လောင်းကစားများ တရားမဝင်တည်ရှိနေသော ထိုင်းနိုင်ငံတွင် ကမ္ဘာ့ဖလား လောင်းကစားသည် ကာလရှည်ကြာစွာ တည်ရှိနေသည့် စိုးရိမ်ဖွယ်ကောင်းသော လောင်းကစားတစ်ခုဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၇) ရာခိုင်နှုန်းရှိ

**(၁၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၄၃,၄၈၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၀၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၀၄၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၃-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၀၇,၆၆၉) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၈၅,၀၅၉) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၃-၁၂-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၀၇,၆၆၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၈၅,၀၅၉ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၉) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၅ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၇၅ | ၁၉၅၅ | ၂၀၅၀ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၂၅ | ၂၇၆၀ |
| 95 Ron | ၂၀၁၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၆၀ | ၂၀၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၆၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၁၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၀ | ၂၄၉၅ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၆၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၈ | ၁၈၉၈ |
| 95 Ron | ၁၉၁၀ | ၁၉၈၂ |
| HSD (500 ppm) | ၂၂၄၈ | ၂၃၂၃ |
| HSD (50 ppm) | ၂၃၂၂ | ၂၃၉၈ |
| HSD (10 ppm) | ၂၃၂၂ | ၂၃၉၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# MSME ချေးငွေများဆိုင်ရာ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်နိုင်ရေးနှင့် လုပ်ငန်းများ ပိုမိုချဲ့ထွင်နိုင်ရေးတို့အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် MSME ချေးငွေများကို ၂၀၁၂ ခုနှစ်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိပါသည်။ MSME လုပ်ငန်း ရှင်များအနေဖြင့် အောက်ဖော်ပြပါ ချေးငွေအမျိုးအစားများကို သက်ဆိုင်ရာဘဏ်များသို့ ဆက်သွယ် လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) JICA Two-Step Loan ချေးငွေ

| | | |
|---|---|---|
| **ဆောင်ရွက်သည့်ဘဏ်** | - | မြန်မာ့စီးပွားရေးဘဏ်၊ ရှေ့ဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ် |
| **ချေးငွေသက်တမ်း** | - | (၅)နှစ် (အများဆုံး) |
| **ချေးငွေပမာဏ** | - | ကျပ်သန်း ၅၀၀ (အများဆုံး) |
| **အတိုးနှုန်း** | - | ၅.၅% (မရွှေ့ပြောင်းနိုင်သော အာမခံပစ္စည်းဖြင့်ချေးယူလျှင်) ၆% - ၁၀% (အပေါင်ပစ္စည်းလျှော့ပေါ့ချေးငွေချေးယူလျှင်) |
| **အပေါင်ပစ္စည်း** | - | မရွှေ့ပြောင်းနိုင်သောပစ္စည်း(မြေနှင့် မြေပေါ်ရှိအဆောက်အဦ)၊ CGI အာမခံ |

(ခ) MEB (MSME) ချေးငွေ

| | | |
|---|---|---|
| **ဆောင်ရွက်သည့်ဘဏ်** | - | မြန်မာ့စီးပွားရေးဘဏ် |
| **ချေးငွေသက်တမ်း** | - | (၅)နှစ် (အများဆုံး) |
| **ချေးငွေပမာဏ** | - | ကျပ်သန်း ၃၀၀ (အများဆုံး) |
| **အတိုးနှုန်း** | - | ၆.၅% (မရွှေ့ပြောင်းနိုင်သော အာမခံပစ္စည်းဖြင့်ချေးယူလျှင်) ၇%~၉% (အပေါင်ပစ္စည်းလျှော့ပေါ့ချေးငွေချေးယူလျှင်) ၈.၅%-၁၁.၅% (အပေါင်ပစ္စည်းတွင် စက်ပစ္စည်း အာမခံ ထည့်သွင်း ချေးယူလျှင်) |
| **အပေါင်ပစ္စည်း** | - | မရွှေ့ပြောင်းနိုင်သောပစ္စည်း(မြေနှင့်မြေပေါ်ရှိအဆောက်အဦ)၊ CGI အာမခံ၊ စက်ပစ္စည်း |

၂။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအထိ နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ထုတ်ချေးသည့် ချေးငွေအစီအစဉ်များအနက် SMIDB (SME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင်(၄၅၆)ဦးသို့ ချေးငွေကျပ် (၂၀,၆၃၈)သန်း၊ JICA Two-Step Loan (MSME)ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင်(၂,၀၄၅)ဦးသို့ ချေးငွေကျပ် (၃၆၄,၅၃၄.၁၈)သန်းနှင့် MEB(MSME)ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင် (၃၄၂)ဦးသို့ ချေးငွေကျပ် (၂၅,၉၇၇)သန်း ထုတ်ချေးပြီး ဖြစ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**



## (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့ အကြိုဂုဏ်ပြု စုပေါင်းသွေးလှူ ဘိုးဘွားရိပ်သာများအား အလှူငွေနှင့် စားသောက်ဖွယ်ရာများလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ) နှစ်ပတ်လည်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်တပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဒီဇင်ဘာ ၁၂ ရက်နှင့် ဒီဇင်ဘာ ၁၃ ရက်တို့တွင် သက်ဆိုင်ရာ နယ်မြေခံတပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက သက်ဆိုင်ရာ ဆေးရုံများရှိ သတ်မှတ်နေရာများ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ယင်းသို့ သွေးလှူဒါန်းနေမှုများကို သက်ဆိုင်ရာ လေတပ်စခန်းဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် သက်ဆိုင်ရာဆေးရုံများမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် နမ္မဒါဘိုးဘွားရိပ်သာ ဖြစ်မြောက်ရေးအတွက် အလှူငွေများနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မိတ္ထီလာဘိုးဘွားရိပ်သာသို့ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဒီဇင်ဘာ ၂၄ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစု ၄၆၅ ဦးတို့က မိမိတို့၏သွေးဖြင့် အများပြည်သူတို့၏ အသက်များကို ကယ်တင်နိုင်ရေးအတွက် ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြသည်။ **(အောက်ပုံ)**

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ အလယ်ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများ၊ စုပေါင်းသွေးလှူဒါန်းမည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ထမ်းများက သွေးအလှူရှင်များကို သွေးလှူဒါန်းနိုင်ရေးအတွက် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးပြီး စုပေါင်းသွေးလှူဒါန်းကြသည်။

ယင်းသို့ စုပေါင်းသွေးလှူဒါန်းနေမှုများကို တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး သွေးလှူဒါန်းသူများကို အားဆေးများ၊ ကြက်ဥနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘုန်းကြီးကျောင်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်



**မအီ ဒီဇင်ဘာ ၁၄**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့တွင် (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁)ရပ်ကွက်ရှိ ဘုန်းကြီးကျောင်းလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မအီမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ပုက အမှာစကားပြောကြားပြီး မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ပု၊ အမှုဆောင်အရာရှိ ဦးညီညီလွင်၊ မအီနယ်မြေရဲစခန်းမှူး ရဲအုပ်ချစ်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၁ ဒသမ ၂၂၃ ဖြင့် မအီမြို့အခြေစိုက် မိဘဂုဏ်ဆောင်ကုမ္ပဏီက တာဝန်ယူ ခင်းကျင်းခဲ့ခြင်းဖြစ်ပြီး လမ်းအကျယ် ၁၂ ပေ၊ အရှည် ၂၁၄ ပေ၊ ထု ၈ လက်မရှိကြောင်း၊ အဆိုပါလမ်းမှာ ယခင်က အမာခံ ကျောက်ချောလမ်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်းအဆင့်သို့ မြှင့်တင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း မြို့စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

**မောင်မောင်ငွေး (ပြန်/ဆက်)**

# ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဌာနခွဲများမှ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။

ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန် အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **အားကာမောင်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး မန္တလေးမြို့ နို့နှင့်နို့ထွက်ပစ္စည်းစက်ရုံ တက်ရောက်ဖွင့်လှစ်



**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရွှေကမ္ဘာငွေစုငွေချေး သမဝါယမအသင်း၊ စမ်းဝတီ မွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်း၊ မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော မန္တလေးမြို့ နို့နှင့်နို့ထွက်ပစ္စည်းစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ဒုတိယဝန်ကြီး ဦးမြင့်စိုးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက စက်ရုံသမိုင်းကြောင်းနှင့် ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့မှုကိုလည်းကောင်း၊ စမ်းဝတီ မွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးမျိုးထက်ဝင်းက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း ရှင်းတင်းတင်ပြကြပြီး စက်ရုံဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံအတွင်း နွားနို့မှ နို့စိမ်းချက်လုပ်သည့် လုပ်ငန်း၊ နို့ဆီချက်လုပ်သည့် လုပ်ငန်း၊ နို့ဆီများ သံဘူးအတွင်း ထည့်သွင်းသည့်လုပ်ငန်းနှင့် နို့ဆီဘူး၊ နို့စိမ်းဘူးများကို စနစ်တကျပိုးသတ်ခြင်း၊ သန့်စင်ခြင်း၊ ပါကင်ထုပ်ပိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်မောက်ကျေးရွာအုပ်စု ကြက်မောက်ကျေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေ ၃၉ ဒသမ ၁၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ ဆောင်ရွက်ခဲ့သော ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၁၀၈၄ အိမ်၊ လူဦးရေ ၄၂၉၆ ဦး၊ လယ်ဧက ၂၀၀ နှင့် ယာဧက ၅၀၀ တို့အတွက် အကျိုးပြုစေမည့် ရဲဘော်-၂ဆည်နှင့် ပျူတွင်းဆည် ပြန်လည်ပြုပြင်ခြင်း၊ ရေပေးမြောင်းတူးဖော်ခြင်းနှင့် Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ကျေးရွာအလိုက် တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးဦးစီးဌာန၏ ဝါမျိုးစေ့နှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း (RBF) စီမံကိန်းရန်ပုံငွေဖြင့် ကြက်မောက်ကျေးရွာတွင် ဆိတ်မွေးမြူရေး၊ နွားမွေးမြူရေး ဆောင်ရွက်နေသော မွေးမြူရေးအစုအဖွဲ့ လေးဖွဲ့အတွက် စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် သင်တန်းတက်ရောက်အောင်မြင်ပြီး တစ်နိုင်တစ်ပိုင် စက်ချုပ်လုပ်ငန်းဆောင်ရွက်နေမှုနှင့် သင်တန်းများ ဆက်လက် ပို့ချနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဂျာနယ်
ထွက်ရှိ



၁၅-၁၂-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၂၄)တွင်
- မြန်မာ့မလေ့ကိုဖော်ကျူးသည့် ပျော်ရွှင်စရာကောင်းသော ကစားနည်းများ
- နေကြာသီးနှံပိုးမွှားရောဂါအန္တရာယ် အချိန်မီနှိမ်နင်းကာကွယ်
- ကြံအထွက်နှုန်းတိုးစေရန် ကြံတစ်ဆစ်ပျိုးပင်စနစ်ဖြင့် စိုက်ပျိုးခြင်းနည်းပညာ
- ပဲနီကြားစီးပွားဖြစ် စိုက်ပျိုးရေးအကြောင်း သိကောင်းစရာ
- တရုတ်နိုင်ငံတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု
- ငါး ပုစွန်သယံဇာတ မပြုန်းတီးစေရေး
- ကိုယ်ဝန်ရှိသောနွားမများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း
- နွားနို့သောက်ခြင်းအကျိုးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal


# ကမ္ဘောဒီးယားရိုးရာ စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ကမ္ဘောဒီးယားရိုးရာ စစ်တုရင်ပြိုင်ပွဲ (Ouk Chatrang) ကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းကွင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါကမ္ဘောဒီးယားရိုးရာစစ်တုရင်အားကစားနည်းကို လာမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား(ဆီးဂိမ်း) ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ ယင်းစစ်တုရင်ပြိုင်ပွဲမှတစ်ဆင့် ၂၀၂၃ ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်များကို ရွေးချယ်သွားမည်ဖြစ်သည်။

ယင်းစစ်တုရင်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲအဖြစ် ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်ကြေးပေးသွင်းရမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကမ္ဘောဒီးယားရိုးရာ စစ်တုရင်က စိမ်းတော့ မစိမ်းပါဘူး။ ထိုင်းရိုးရာ စစ်တုရင်နဲ့လည်း ဆင်တယ်။ မြန်မာနဲ့လည်း နည်းနည်းဆင်တယ်။ ဒါပေမယ့် အကောင်ရွှေ့တာတွေက ဆင်တယ်။ ကစားပုံကစားနည်းက နည်းနည်းလွဲတာပေါ့" ဟု မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမျိုးဇော်မင်းက ပြောသည်။

ယင်းပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်လိုသူများ အနေဖြင့် ဖုန်း ၀၉ - ၉၈၈၀၈၈၇၉၅ သို့ ဒီဇင်ဘာ ၁၇ ရက် နောက်ဆုံးထား စာရင်းပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# “နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်” မှ “မဟောသဓာ မယားတရားစီရင်ခန်း” ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မိဘပြည်သူများ ဇာတ်သဘင် ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် “နိပါတ်တော်လာဇာတ်သဘင်မဟာ အစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ “မဟောသဓာ မယားတရားစီရင်ခန်း” ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မစိန်မုန့်လုံး၏တီးခတ်မှု ဘွန်း၊ ဆန်းနေအောင်၊ ပေါက်ကျော်၊ ပေါက်မဲ၊ ဦးဝါဝင်း၊ ချမ်းချမ်းမိုး၊ မစိမ်းစိမ်းတို့နှင့်အတူ သဘင်ပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဒီဇင်ဘာ ၁၇ ရက် စနေနေ့ ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၁ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်




**နေပြည်တော် ဒီဇင်ဘာ ၁၄**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၉၆)ကို ဒီဇင်ဘာ ၁၆ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာဆယ်မာအူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်) အွန်လိုင်းသင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတွင်ရှိသော စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ဒီဇင်ဘာ ၁၃ ရက်က “မြန်မာဆယ်မာအူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်) အွန်လိုင်းသင်တန်း” အမှတ်စဉ် (၂/၂၀၂၂) ကို ဖွင့်လှစ်သည်။

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုး၊ ကိုရီးယားနိုင်ငံ ဆယ်မာအူးလ်ဂွန်ဂို အဖွဲ့ချုပ်မှ ဒါရိုက်တာ မစ္စတာ ရှင်းဝူဂျုန်း၊ ကျေးရွာငွေတိုက်၃၅ ခုမှ ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာတာဝန်ခံ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးရွာငွေတိုက် ထူထောင်ရန် စိတ်ဝင်စားကြသော ကျေးရွာကိုးရွာမှ ကျေးရွာခေါင်းဆောင်များ စုစုပေါင်း သင်တန်းသားသင်တန်းသူ ၁၃၃ ဦးနှင့် သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် နည်းပြများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။**(အောက်ပုံ)**

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားသည်။

ယင်းနောက် ကိုရီးယားနိုင်ငံ ဆယ်မာအူးလ် ဂွန်ဂိုအဖွဲ့ချုပ်မှ ဒါရိုက်တာ မစ္စတာရှင်းဝူဂျုန်းက ယခုကျေးရွာငွေတိုက် ၃၅ ခုမှသည် မြန်မာတစ်နိုင်ငံလုံး အနှံ့အပြားတွင် ကျေးရွာငွေတိုက်များ ဖြစ်ပေါ်လာအောင် ဆက်လက်တည်ထောင်နိုင်စေရန် ကြိုးစားရမည် ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာကျေးရွာ ငွေတိုက်အသင်းချုပ်ဥက္ကဋ္ဌ ဒေါက်တာညီညီက ကျေးရွာငွေတိုက်များ၏ လုပ်ငန်းများကို တရားဝင်အသင်းအဖွဲ့အဖြစ် ဆောင်ရွက်နိုင်ရန် ကြိုးစားရမည် ဖြစ်ကြောင်း၊ ကျေးရွာ ငွေတိုက်များအဖြစ် ငွေတိုက်လုပ်ငန်းများကို တစ်စတစ်စ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရရှိလာသည့် အကျိုးအမြတ်များဖြင့် မိမိတို့ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။




အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၃ရက်မှ ၁၅ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးမြေနေရာအတွက် မြေယာလျော်ကြေးငွေပေးအပ်

**ညောင်ဦး ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးမြေနေရာအတွက် မူလပိုင်ရှင် တောင်သူတစ်ဦးအား မြေယာလျော်ကြေးငွေများကို ဒီဇင်ဘာ ၁၄ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲနိုင်နှင့် ဝန်ထမ်းများ တက်ရောက်သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမြေနေရာအဖြစ် အသုံးပြုထားသောမြေသည် ညောင်ဦးမြို့နယ် ကုန်းတန်းကြီးကျေးရွာအုပ်စု သန့်စင်ကြယ်ကျေးရွာ ကွင်းအမှတ်(၁၅၃၃) ရှိ တောင်သူ ဦးလှရွှေ၏ မြေဧရိယာ ၁ ဒသမ ၇၁၈ ဧကဖြစ်သဖြင့် မြေတစ်ဧကလျှင် ကျပ် ၁၂၅ သိန်းနှုန်းဖြင့် ၁ ဒသမ ၇၁၈ ဧကအတွက် မြေယာလျော်ကြေးငွေကျပ် ၂၁၄၇၅၀၀၀၀ ကို မူလမြေပိုင်ရှင် တောင်သူ ဦးလှရွှေထံသို့ အသိသက်သေများရှေ့မှောက်၌ ပေးအပ်ခဲ့သည်။

**ဝင်းထိန်**




# “တူယှဉ်နွဲပျော်ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ်(၁၆) ဒုတိယအဆင့် (Level -2)ပြိုင်ပွဲ Result Show ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live)ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော်ဂီတပွဲတော်” Season-2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှစတင်ပြီး ပွဲစဉ် (၁၈) ပွဲဖြင့် အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့် အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့ကလည်းကောင်း၊ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ်လည်းကောင်း ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။

### ရိုက်ကူးထုတ်လွှင့်သွားမည်

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာမှ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level-2) တွင် ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင် ၁၀ ဦးအား ဦးစွာရွေးချယ်ခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်မှုဖြင့် ထပ်မံရွေးချယ်ခဲ့ရာ ပြိုင်ပွဲဝင် ခုနစ်ဦး ပေါ်ထွက်လာပြီဖြစ်၍ ပွဲစဉ်(၁၆) အား ဒီဇင်ဘာ ၁၆ ရက် (သောကြာနေ့)ညတွင် MRTV-HD မှ Result Show အဖြစ် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သည်။

### အကန့်အသတ်မရှိ ပေးပို့နိုင်

အဆိုပါပြိုင်ပွဲ၏ ဒုတိယအဆင့် (Level-2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိရာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ချင်းပြည်နယ်မှ မြင့်မြတ်သူ (MF02)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MF03)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MF05)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MF06)၊ ကချင်ပြည်နယ်မှ လလဆွတ် (MF07)၊ နေပြည်တော်မှ ပူတူး (MF09) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့အား ပြည်တွင်းတယ်လီဖုန်း Operator များမှတစ်ဆင့် Code No 7575 သို့ ပြိုင်ပွဲဝင်၏ MF နံပါတ်ကို ရိုက်နှိပ်၍ ဒီဇင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီအထိ SMS အကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဒီဇင်ဘာ ၁၈ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁၂-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဇဗ္ဗသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** ထုတ္တန့်သိမ်ပုထိုးတော်ကြီးအကြောင်း
**၀၈:၃၀** 10th ASEAN Quiz Myanmar ပြိုင်ပွဲ အစီအစဉ်
**၀၉:၁၀** NRC အစီအစဉ် 'အလှဖြာဝေ....လေးဝတီတို့ဌာနေ'
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ပင်မြင့်သဇင်ပန်းတော်ဝင်
**၁၂:၃၀** 2022 World Cup Highlight (21)
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမှန်' (အပိုင်း-၄၃)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတက်' (အပိုင်း-၉)
**၁၄:၄၅** လခြမ်းမြေမှ ရိုးရာအလှ
**၁၅:၃၀** ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြို သုံးသပ်ချက်များ
**၁၆:၃၅** အင်းခရမ်းချဉ်
**၁၇:၁၅** Soccer View
**၁၇:၃၅** သွားလည်ကြမယ်ပို့ပုံကမ်းခြေ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ခါးခါး အချစ်ချိုချို' (အပိုင်း-၃၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** 2022 World Cup Highlight (21)
**၂၁:၀၅** ဒသမအကြိမ်မြောက်အာဆီယံဥာဏ်စမ်း ပဟေဠိဒေသတွင်းအဆင့်ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ်

### mitv

**07:02** Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
**07:12** Great Shwedagon - Nine Wonders Around The Platform Of Shwedag
**07:26** Interesting Features of Rakhine
**07:47** Tahbuhla Dam & Oakkan Chaungtha
**08:01** News
**08:26** Myanmar Guitarist
**08:50** Healthy Diet: Keto Diet
**09:01** Discovering Tribes: Da Nu (Their Life and Customs) (Part-1)
**09:16** Myanmar Masterclass: Artist Phyu Soe Myint Kyaw
**09:30** Myanmar's Traditional Ceramics
**09:51** Temple Stalls
**10:01** News
**10:27** Myanmar Cultural Identities (Hintha or Hamsa)
**10:51** Palm Resort
**11:01** Listening Pleasure, Instrumental Music (Mandolin) Maryarma

### MRTV NRC

**ချင်း (လိုင်ဇိုး) (၆:၀၀ မှ ၇:၀၀)**
ရာဇဂြိုလ်မြို့သို့အလည်တစ်ခေါက်
**ချင်း (ချိုး) (၇:၀၀ မှ ၈:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည့် အမိမြန်မာပြည်(အပိုင်း-၁)
**မွန် (၈:၀၀ မှ ၁၀:၀၀)**
ထန်းပင်ပေါ်ကတို့ဖေဖေ
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
လခြမ်းမြို့မှရိုးရာအလှ(အပိုင်း-၂)
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ကလေးငယ်များကိုပြည့်စွက်စာကျွေးခြင်း
**"ဝ" (၁၄:၀၀ မှ ၁၆:၀၀)**
ရိုးရာဝက်သားဆန်ပြုတ်ချက်နည်း
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
အလှဖြာဝေမနော်မြေ
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ချစ်သစ္စာအလှတည်ရာမြေ
**ပအိုဝ်းကရင် (၂၀:၀၀ မှ ၂၁:၀၀)**
အသက်အရွယ်ရလာသူများရေပိုသောက်သင့်သောအကြောင်းအရင်းများ
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရခိုင်ရိုးရာအစားအစာကြာဇံသုပ်နည်း
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည့် အမိမြန်မာပြည်(အပိုင်း-၂)

### MRTV NEWS

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၄၅** 10th ASEAN Quiz Myanmar ပြိုင်ပွဲ အစီအစဉ်
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၁၅** နှစ်နိုင်ငံကုန်သွယ်ရေးမှာတိုးတက်စေသည့် တရုတ်-လာအိုရထားလမ်းပိုင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ယုန်ကမတိုးပိုက်ကတိုး'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၂
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
**၁၁:၃၀** 'အတွေးအမြင်' အပိုင်း-၂

### MRTV FARMERS'

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၃၀** ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချဖို့ သဘာဝမြေသြဇာပြုလုပ်သုံးစွဲကြပါစို့
**၀၆:၄၅** ကမ္ဘာ့ဝန်းကျင်ဖော်ရွေသည့်ကျွဲစုံလင်
**၀၇:၃၅** မြက်စားငါးကြင်းမွေးမြူသားဖောက်ခြင်းလုပ်ငန်း
**၀၇:၄၅** လူတိုင်းပါဝင်ရမည့်အာဟာရဖြည့်တင်ရေး
**၀၈:၀၀** ပဲမျိုးစုံစိုက်ပျိုးရေးတိုးချဲ့ပညာပေး
**၀၈:၅၀** မြရောင်အဆင်းကြက်သွန်ခင်း
**၀၉:၂၀** တိရစ္ဆာန်စာဖူလုံရေးအတွက်အရေးပါသောပြောင်း

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၁၅:၂၀** World Cup Hightlight/ ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးမြို့ မြို့ဝင်မုခ်ဦး ဖွင့်ပွဲကျင်းပ

**မကွေး ဒီဇင်ဘာ ၁၄**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးမြို့ မြို့ဝင်မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြို့ဝင်မုခ်ဦး၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်ဖွင့်လှစ်ပေးကြောင်း သိရသည်။




ရှေးဦးစွာ မကွေးမြို့ မြို့ဝင်မုခ်ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကို၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး လင်းထွဋ်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်နှင့် မကွေးခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်ထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့ဝင်မုခ်ဦး ကမ္ပည်းမော်ကွန်းကျောက်စာအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့ဝင်မုခ်ဦး ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်မုခ်ဦးပုံပါ ပန်းချီကားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ အမှတ်တရ လက်ဆောင်ပေးအပ်ပြီး**(အပေါ်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကပြဖျော်ဖြေခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၁၂ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၁၃၃၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၁၃၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၁၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၀၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၆၅ ကျပ် | ၂၃၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၄၀ ကျပ် | ၂၃၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၀၀ ကျပ် | ၁၉၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၈၅ ကျပ် | ၂၀၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၉ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၇၃၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၃ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၈ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၂ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၆၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၁၀၄ | ၃၃၈၀၀၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၃ | ၂၂၈၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၃၂၉ | ၆၂၅၁၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၆၀ | ၁၂၇၄၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများမှ ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ အောင်လံ-သရက် ဓာတ်အားလိုင်းတာဝါတိုင်များ ဖောက်ခွဲဖျက်ဆီးမှုနှင့် ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းကြိုး ပစ်ခတ်ဖျက်ဆီးမှုအခြေအနေများအား သတင်းထုတ်ပြန်ခြင်း

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏ လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကိုအခြေခံ၍ မျှတစွာ ခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်နေသည့်ကာလတွင် ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော ဓာတ်အားလိုင်းများမှ ဘီလူးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်ပေးလျက်ရှိသည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်း၏ တာဝါတိုင်(၂)တိုင်နှင့် သရက်မြို့နှင့် အနီးဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ၆၆ ကေဗွီ အောင်လံ-သရက် ဓာတ်အားလိုင်း၏ တာဝါတိုင် (၁) တိုင်တို့ကို (၁၃-၁၂-၂၀၂၂) ရက်နေ့တွင်လည်းကောင်း၊ ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းကြိုးအား (၁၄-၁၂-၂၀၂၂) ရက်နေ့တွင်လည်းကောင်း NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများမှ ထပ်မံဖောက်ခွဲပစ်ခတ်ဖျက်ဆီးခဲ့သဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် အမြန်ဆုံးပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ပါ၍ ယနေ့အချိန်ထိ NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သည့်အကြိမ်ပေါင်း (၄၄) ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ခေါင်းရပ်ကွက်နေ ပိုင်ဟိန်းခန့် (ခ) အာဆွင်းသည် ၎င်းအသုံးပြုသည့် “Arswin” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

မွန်ပြည်နယ် သထုံမြို့ အောက်ကျင်းရပ်ကွက်နေ မဇာခြည်ဦးက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နေ မ---- (၁၉) နှစ်အား တရုတ်နိုင်ငံတွင် အိမ်ဖော်အလုပ်ရမည်ဟု စည်းရုံးပြောဆို၍ တရုတ်မယားအဖြစ် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း (ပ) ၅၄၆/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ ဗိုလ်တထောင်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် တရားခံမဇာခြည်ဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အောက်ဆုံးရပ်တည်မှုရခဲ့သည့် နှစ်သင်းဖြစ်သော GFA အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့မှာ တန်းဆင်းစရာမလိုတော့ဘဲ ဆက်လက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် တက္ကသိုလ်အသင်း၊ ဒုတိယရခဲ့သည့် Junior Lions (ခ) မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းတို့မှာ တန်းမတက်သဖြင့် တတိယရသည့် ဒဂုံစတားယူနိုက်တက်နှင့် အဆင့် ၄ ရသည့် ကချင်ယူနိုက်တက်အသင်းတို့က အစားထိုးတန်းတက်ခွင့်ရမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်၏ သတင်းထုတ်ပြန်မှုအရ လာမည့် MNL ပြိုင်ပွဲတွင် ၂၀၂၂ ရာသီ MNL ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်၊ ရန်ကုန်၊ ဟံသာဝတီ၊ မြဝတီ၊ ဧရာဝတီ၊ ရတနာပုံ၊ အား/ကာသိပ္ပံ၊ မဟာယူနိုက်တက်၊ GFA၊ ရခိုင်ယူနိုက်တက်အသင်း၊ တန်းတက်ခွင့်ရထားသည့် ဒဂုံစတားယူနိုက်တက်၊ ကချင်ယူနိုက်တက် စုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်မှစတင်ကျင်းပခဲ့ပြီး ၂၀၂၀ ခုနှစ်မှလွဲ၍ ကျန်နှစ်များတွင် ပုံမှန်အတိုင်းကျင်းပနိုင်ခဲ့သည်။ ကျင်းပပြီးစီးခဲ့သည့် ၁၃ ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းက လေးကြိမ်စီ ဗိုလ်စွဲထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံး သုံးရာသီဆက်တိုက် ဗိုလ်စွဲထားပြီး ၂၀၁၉ နှင့် ၂၀၂၂ ရာသီတွင် ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆုရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

**ရဲရင့်လွင်**

❍ *ကျောဖုံးမှ*

မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ပြိုင်ပွဲဝင်အသင်းအရေအတွက်ကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ နောက်ဆုံးကျင်းပသည့် ၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခုနစ်သင်းဖြင့် ကျင်းပခဲ့ပြီး လာမည့်ရာသီတွင် အသင်းအရေအတွက် တိုးမြှင့်ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို လာမည့်ရာသီတွင် ငါးရာသီမြောက်ကျင်းပမည်ဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် လေးကြိမ်တွင် မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့က နှစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၆-၂၀၁၇ ရာသီ၊ ၂၀၁၇-၂၀၁၈ ရာသီ၊ ၂၀၁၈-၂၀၁၉ ရာသီကျင်းပပြီးနောက် နှစ်အနည်းငယ်ကြာကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၂ နှစ်ဝက်နောက်ပိုင်းမှ ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်သည်။

၂၀၁၆-၂၀၁၇ ရာသီနှင့် ၂၀၁၇-၂၀၁၈ ရာသီတွင် မြဝတီအသင်း ဗိုလ်စွဲပြီး ၂၀၁၈-၂၀၁၉ ရာသီနှင့် ၂၀၂၂ ရာသီတွင် အား/ကာသိပ္ပံအသင်း ဗိုလ်စွဲခဲ့သည်။

**ရဲရင့်လွင်**

● *ကျောဖုံးမှ*

ယခုပွဲစဉ်တွင် ခရိုအေးရှားအသင်းသည် အာဂျင်တီးနားအသင်းကို ချဉ်းကပ်ကစားပုံမှန်မှန်ဖြင့် ရင်ဆိုင်လာခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ တိုက်စစ်ကို ဟန့်တားထားနိုင်ခြင်း မရှိသည့်အတွက် ဂိုးပြတ်ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရခြင်း ဖြစ်သည်။ အာဂျင်တီးနားအသင်း၏ တိုက်စစ်ပိုင်းက ယခင်ပွဲစဉ်တွေကထက် ထက်မြက်မှု၊ လျင်မြန်သွက်လက်မှုကို ထုတ်ပြနိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ခုနစ်ကြိမ်တွင် သုံးကြိမ် ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

ပွဲချိန် ၃၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သော မက်ဆီသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ငါးဂိုးဖြင့် ရွှေဖိနပ်ဆွတ်ခူးရန် နီးစပ်လာပြီဖြစ်သည်။ ထို့အပြင် အဆိုပါ သွင်းဂိုးကြောင့် မက်ဆီ၏ ကမ္ဘာ့ဖလားသွင်းဂိုး ၁၁ ဂိုးအထိ ရှိလာပြီလည်း ဖြစ်သည်။ အာဂျင်တီးနားအသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲချိန် ၃၉ မိနစ်နှင့် ၆၉ မိနစ်တွင် အယ်ဗာရက်ဇ်က သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သော အာဂျင်တီးနားအသင်းသည် ဗိုလ်လုပွဲတွင် ပြင်သစ်အသင်းနှင့် မော်ရိုကို အသင်းတို့ထဲမှ အနိုင်ရရှိလာမည့် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

## မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၅၀၃)၊ ဦးပွားကုန်းကျော်အနောက်ဘက်အဆင်း၊ စစ်ကိုင်းလမ်းခွဲရှိ "ဇွဲသီဟ" ခေါက်ဆွဲနှင့် အအေးဆိုင်ပိုင်ရှင် ဦးဝမ်းကြည်-ဒေါ်သက်သက်ဝင်း နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ Aye Su Su Aung Facebook Account, Min Khant Hlaing Facebook Account နှင့် Tipsy Kg Ly Facebook Account ပိုင်ရှင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည်များသည် (၃၀-၁၁-၂၀၂၂)ရက်နေ့က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် Zarni Bhone Myat Account ပိုင်ရှင်မှ ကျွန်ုပ်အမှုသည်များ၏ ငွေကြေးများအား ပြန်လည်ပေးအပ်ခြင်းမရှိသဖြင့်သာ လူမှုကွန်ရက်စာမျက်နှာပေါ်သို့ ၎င်းသိရှိစေရန် တင်ပြခဲ့ခြင်းဖြစ်ပါသည်။ လူကြီးမင်းများ၏ သမီးဖြစ်သူ ကိုယ်တိုင်က "ဇွဲသီဟ" ခေါက်ဆွဲဆိုင်အား ၎င်းပိုင်ဆိုင်သည်ဟု ၎င်းကိုယ်တိုင် "ဇွဲသီဟ" ခေါက်ဆွဲနှင့် အအေးဆိုင် Page အားပြသပြောပြသဖြင့် ကျွန်ုပ်အမှုသည်မှ ယခုကဲ့သို့ လူမှုကွန်ရက်ပေါ်တွင် တင်ခဲ့ခြင်းဖြစ်ပါသည်။ လူကြီးမင်းများ ပြောဆိုသကဲ့သို့ ဦးဝမ်းကြည်-ဒေါ်သက်သက်ဝင်းတို့အား နစ်နာစေရန် ရည်ရွယ်၍ ပို့စ်တင်ခဲ့ခြင်း လုံးဝမရှိပါ။ ကျွန်ုပ်၏အမှုသည်များ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် (၃၀-၁၁-၂၀၂၂) ရက်စွဲပါ တင်ထားသော ပို့စ်တွင်လည်း လူကြီးမင်းများအမည်များသော်လည်းကောင်း၊ လူကြီးမင်းများ၏ ဓာတ်ပုံများသော်လည်းကောင်း ရေးသားထားခြင်းလုံးဝမရှိပါ။ လူကြီးမင်းများ၏ သမီးဖြစ်သူ ပြောကြားချက်အရသာ လူကြီးမင်းများဆိုင် Page ပုံအား သဘောရိုးဖြင့် ဖော်ပြမိခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ဖြစ်ရာ အဆိုပါလူကြီးမင်းများပိုင် "ဇွဲသီဟ"ခေါက်ဆွဲဆိုင် Page ပုံအား ဖော်ပြခဲ့ခြင်းအပေါ် အဆိုပါ ပို့စ်တွင်ရှိသော လူကြီးမင်းများဆိုင်၏ ဓာတ်ပုံအား ဖျက်သိမ်းပေးမည်ဖြစ်ပါကြောင်း ဦးဝမ်းကြည်-ဒေါ်သက်သက်ဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်များသည် လူကြီးမင်းများ၏သမီးပျိုဖြစ်သူ Zarni Bhone Myat Account ပိုင်ရှင် မလဲ့မွန်သက်အား မည်သည့်အချိန်ကမျှ လူကြီးမင်းများ စွပ်စွဲထားသလို တရားမဝင်လုပ်ငန်းများတွင် ကြားခံအဖြစ်လုပ်ကိုင်ဆောင်ရွက်စေခိုင်းခဲ့ခြင်းမရှိကြောင်းနှင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ (၅-၁၂-၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် လူကြီးမင်းများဘက်မှ တစ်ဖက်သတ်စွပ်စွဲမှုအား နောက်နောင် မပြုလုပ်ရန် အသိပေးအပ်ပါသည်။ ကျွန်ုပ်၏အမှုသည်များသည် လူကြီးမင်းများ သမီးဖြစ်သူမှ ပေးရန်ရှိသော ငွေကြေးများအား ပေးအပ်ရန်အတွက် စောင့်ဆိုင်းပြီးမှ လူကြီးမင်းများသမီးဖြစ်သူက ငွေကြေးများပေးအပ်ခြင်းမရှိသဖြင့် ၎င်းထံသို့ ဆက်သွယ်ခဲ့ရာ လူကြီးမင်းများ၏သမီးက "မပေးနိုင်ဘူး လုပ်ချင်ရာလုပ်" ဟုပြောဆိုသဖြင့်သာ ယခုပို့စ်အား တင်ခဲ့ရခြင်းဖြစ်ပါသည်။ ယခုကိစ္စရပ်နှင့်ပတ်သက်၍ လူကြီးမင်းများဘက်မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဆိုပါက ကျွန်ုပ်၏အမှုသည်များက ရင်ဆိုင်ဖြေရှင်းရန် အသင့်ရှိနေပြီး လူကြီးမင်းများသမီးဖြစ်သူ မလဲ့မွန်သက်၏ ပျက်ကွက်မှုများအပေါ်လည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၎င်းအပြင် (၃၀-၁၁-၂၀၂၂)ရက်တွင် ကျွန်ုပ်အမှုသည်များတင်ထားသည့် ပို့စ်အား လူကြီးမင်းများ၏သမီးက ကျွန်ုပ်အမှုသည်များထံသို့ ပေးရန်ကျန်ရှိသည့် ငွေ(၂၂၁၂၄၇၀)ကျပ်တိတိအား ပြန်လည်ပေးဆပ်သောအခါ အဆိုပါပို့စ်အား လုံးဝဖျက်ပေးမည်ဖြစ်ပါကြောင်းနှင့် ယခုကိစ္စရပ်နှင့်ပတ်သက်၍ အမှန်တကယ်နစ်နာသူမှာ ငွေကြေးများ ဆုံးရှုံးခဲ့သည့် ကျွန်ုပ်၏ အမှုသည်များသာ ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်မမအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**နယ်မြေ(၅)၊ အမှတ်(၄/၈၁)၊**
**ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၂၅၉၉၈၂၀၀၇**

**ဒေါ်နန်းဝတ်ရည်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ**
**ဂနိုင်ရွေး၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၈၉၄၇၉၁၅၄၉**

**ဒေါ်နန်းမိုခမ်းစင်(LL.B)**
**အထက်တန်းရှေ့နေ**
**၅၉/၉၊ ငွေသော်တာလမ်း၊**
**ရေအေးကွင်းရပ်ကွက်**
**တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၂၈၃၃၇၀၅၅**

**ဒေါ်နန်းခိုင်သဇင်(LL.B)**
**အထက်တန်းရှေ့နေ**
**မ-၄၂၊ နဂါးပွတ်ကျောင်းလမ်း၊**
**ဈေးပိုင်းရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၇၇၇၇၆၇၂၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၅၁)၊ မြေကွက်တည်နေရာအမှတ်(၅၁)၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးသန်းဆောင် PKU-၀၄၈၅၅၅အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးသန်းဆောင်ထံမှ SP.No(၂၉၆၂၂/၄-၁၁-၂၀၁၄)ဖြင့် ရရှိသူ ဒေါ်မေဖြိုး မောင်မောင် ၁/မညန(နိုင်)၀၀၁၆၂၉မှ ဂရန်၊ နိုင်/ကတ်၊ ပါဝါ၊ ပါဝါကျမ်းကျိန်လွှာတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတွင် (၂၇-၉-၂၀၂၂)ရက်စွဲပါစာဖြင့် (၂၀၀၃)ခုနှစ်တွင်ဘဏ်ချေးငွေထုတ်ယူထားကြောင်း ပြန်ကြားလာခြင်းအား ဦးသန်းဆောင်မှလည်းကောင်း၊ မိမိမှလည်းကောင်း လူကြီးမင်းတို့ဌာနမှ မြေပုံ/မြေရာဇဝင်ထုတ်ယူလျှောက်ထားခြင်းမရှိပါကြောင်း၊ မည်သည့်ဘဏ်တွင်မှလည်းချေးယူခဲ့ခြင်းမရှိပါကြောင်း၊ ဘဏ်ချေးငွေထုတ်ယူခဲ့ခြင်း၊ ချေးငွေ ပေးအပ်ရန် ကျန်ရှိနေခြင်း စသည့်ဘဏ်နှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဂရန်(မူရင်း)လက်ဝယ်ရှိပြီး အဆိုပါမြေကွက်အား လက်ရောက်ပိုင်ဆိုင်နေထိုင်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## လားရှိုးခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၁

ကွယ်လွန်သူ ဦးအိုက်ပန်း၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု၊

လားရှိုးမြို့၊ အိမ်အမှတ် (၁၉/၅၅၇_၊ အဝေရာလမ်းသွယ် (၅)၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၁၉)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအိုက်ပန်း၏ ကျန်ရစ်ခဲ့သော ပစ္စည်းအပေါ်၌ အမွေထိန်း၊ လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နန်းအေးမြက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်(၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအိုက်ပန်း၏ ကျန်ရစ်ခဲ့သောပစ္စည်းများ အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၂ရက် (၁၃၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၇ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်နန်းအေးမြ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းကိုကို)**
**ခရိုင်တရားသူကြီး**
**လားရှိုးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၀၉

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်
(ဇမ္ဗူသီရိဘဏ်ခွဲ)
(ယခင်နေပြည်တော်စည်ပင်ဘဏ်လီမိတက်)
[ယင်းကိုယ်စား မန်နေဂျာ-ဦးအောင်ဇော်ဦး]
**တရားလို**

**နှင့်**

၁။ ဦးအောင်ကိုလင်း
၂။ ဆန္ဒဘုန်းပြည့်မိသားစု
ကုမ္ပဏီလီမိတက်(ခ)
ဆန္ဒဘုန်းပြည့်မြန်မာဂရု
အော့ဖ်ကုမ္ပဏီလီမိတက်
၃။ ဦးပြည့်လင်းအောင်
**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၄၂၆(ခ)နေ ဦးအောင်ကိုလင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အငှားဝယ်စနစ်ဖြင့် ဝယ်ယူရာတွင် စိုက်ထုတ်ပေးချေထားသော ငွေနှင့်နောက်ကျကြေးငွေနှင့် အတိုးငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် တင်ပြလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်စန်းမောင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ပျဉ်းမနားခရိုင်တရားရုံး**

## အမည်ပြောင်း

ဦးငြိမ်းချမ်းဦး ၁၁/စတန(နိုင်)၀၇၆၃၁၂၏သား စစ်တွေမြို့၊ Winner ကိုယ်ပိုင်မူလတန်းကျောင်း Grade-1မှ မောင်စိန်ရတုအား မောင်ထူးအောင်ရှိန်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထူးအောင်ရှိန်**

## ဖခင်အမည်မှန်

မြောက်ဦးမြို့နယ်၊ အိုးထိန်းကျေးရွာနေ အထက(၂)စစ်တွေ Grade-11မှ မောင်မင်းဟိန်းထက်၏ ဖခင်ဦးအောင်သိန်း၏ အမည်မှန်မှာ ဦးသန်းဝင်း ၁၁/မဥန(နိုင်)၀၉၃၄၇၂ဖြစ်ပါကြောင်း။

**ဦးသန်းဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/15529, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Auto Ry Co.,Ltd ၇၁လမ်း၊ ၃၂x၃၃ ကြား၊ ချမ်းအေးသာစံက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/25109, YUNDE 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့၊ ခိုပဲဝရပ်ကွက်နေ ဦးဟမ်ဆေး(ခ)ဦးဟင်ခိုဆေး ၅/လရန(နိုင်)၀၀၅၆၄၅မှာတစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏သား မောင်ကျော်သက်ခိုင်(ခ)မောင်လက်ရင်မ် ၅/လရန(နိုင်)၀၀၆၄၁၇ မှာတစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၃၁-၁၂-၁၉၈၉) ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (၁၄)၊ ဦးပိုင်အမှတ် (၆၁)၊ ၅၀x၅၁ကြား၊ ဘီလမ်းနှင့် အနော်ရထာလမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ (ဇနီး)ဒေါ်စန်းရီ ကွယ်လွန်၍ ကျန်ရစ်သူ (ခင်ပွန်း) ဦးတင်အောင်လွင် ၉/မရမ(နိုင်)၀၁၅၄၁၅က တောဂရန်စာချုပ်၊ သေစာရင်း(မြေချထားမိန့်၊ ငွေသွင်းပြေစာ)မူရင်းများ အသိမ်းလွန်၍ ပျောက်ဆုံးကြောင်းနှင့် အမွေဆက်ခံကြောင်း ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်စာချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/31518, ADIXIN-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာဝင်း ၈/ပခက(နိုင်)၁၆၇၁၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/75014 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့် ၉/လဝန(နိုင်)၀၆၀၁၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရမည်းသင်း)**

## အများသိစေရန်ကြေညာခြင်း

Nordic Group Co.,Ltd ၏ Director ဖြစ်သူ ဒေါ်မွန်မြတ်သူမှ Nordic Group Co.,Ltd. ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ကိုယ်စား အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

Nordic Group Co.,Ltd. သည် (ဘ) ဦးမိုးဇော်၏သမီးဖြစ်သူ ဒေါ်လှအဥ္ဇလီအား (၂၀၁၇)ခုနှစ်၊ အောက်တိုဘာလမှစ၍ Company ၏ Finance Manager အဖြစ်လည်းကောင်း၊ (ဘ)ဦးသန်းအုန်း၏ သမီးဖြစ်သူ ဒေါ်ချိုချိုသန္တာဦးအား (၂၀၁၇)ခုနှစ် ဇွန်လမှစ၍ Company ၏ Senior Accountant အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ ထိုသို့ ခန့်အပ် တာဝန်ပေးပြီးနောက်ပိုင်းတွင် ဒေါ်လှအဥ္ဇလီနှင့် ဒေါ်ချိုချိုသန္တာဦးတို့သည် ပူးပေါင်းပြီး လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုကာ ကုမ္ပဏီမှပေးအပ်ထားသော ကုမ္ပဏီပိုင်ငွေကြေးများကို ကုမ္ပဏီ၏ သဘောတူညီမှုမရှိဘဲ မိမိပိုင်ငွေကြေးများအဖြစ် ပြောင်းလဲခဲ့ပြီး အဆိုပါငွေကြေးများဖြင့်ပင် ဒေါ်လှအဥ္ဇလီနှင့် ဒေါ်ချိုချိုသန္တာဦးတို့သည် ကွန်ဒိုတိုက်ခန်းများ၊ 7Q/4747, KIA (Rio) အမျိုးအစား(ကြက်သွေးရောင်)တစ်စီး၊ 7Q/7217, Nissan (Qashqai) အမျိုးအစား(အဖြူရောင်)တစ်စီး၊ 9Q/7217, ToYata (Rush) အမျိုးအစား (အမည်းရောင်)တစ်စီး စုစုပေါင်းမော်တော်ကား (၃)စီး၊ စိန်ထည်လက်ဝတ်လက်စားများ စသည်တို့ကို ၎င်းတို့၏ အမည်များဖြင့် ဝယ်ယူသလို အမည်ငှားဖြင့်လည်း ဝယ်ယူ၍ အလွဲသုံးစားပြုခဲ့ပါသည်။ ထိုသို့ ဒေါ်လှအဥ္ဇလီနှင့် ဒေါ်ချိုချိုသန္တာဦးတို့သည် ကွန်ဒိုတိုက်ခန်းများ၊ မော်တော်ကားများ၊ စိန်ထည်လက်ဝတ်လက်စားများ ဝယ်ယူခဲ့သည့် ငွေကြေးများသည် Company ပိုင်ငွေကြေးများဖြစ်ကြောင်း ဝန်ခံခဲ့ပြီး ၎င်းတို့ ဝယ်ယူထားသော ကွန်ဒိုတိုက်ခန်းများ၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ(ကွန်ဒိုတိုက်ခန်းအပြီးသတ်အရောင်းအဝယ်စာချုပ်(၁)ခန်းနှင့် စရန်ပေးအရောင်းအဝယ် စာချုပ် (၂)ခန်း)၊ မော်တော်ကားများ၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ စိန်ထည်လက်ဝတ်လက်စားများအား Company သို့ ပြန်လည်အပ်နှံခဲ့ပြီး ကျန်ရှိသည့်ငွေများကိုလည်း ပြန်လည်ပေးလျော်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် ယခု အများသိစေရန်ကြေညာလိုသည်မှာ ဒေါ်လှအဥ္ဇလီနှင့် ဒေါ်ချိုချိုသန္တာဦးတို့ဝယ်ယူ၍ Company သို့ ပြန်လည်အပ်နှံထားသော ကွန်ဒိုတိုက်ခန်း (၃)ခန်း၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ (ကွန်ဒိုတိုက်ခန်းအပြီးသတ်အရောင်းအဝယ်စာချုပ်(၁)ခန်းနှင့် စရန်ပေးအရောင်းအဝယ်စာချုပ် (၂)ခန်း)၊ မော်တော်ကားများနှင့် စိန်ထည်လက်ဝတ်လက်စားများသည် Nordic Group Company ပိုင်ငွေကြေးများဖြင့် ဝယ်ယူထားသည့်အတွက် ကုမ္ပဏီပိုင်ပစ္စည်းများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သီတာအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၈၄)**
**အမှတ်-၇၉(C)၊ သီရိမင်္ဂလာလမ်းသွယ်(၈)၊**
**၇ျပန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊**
**အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၄၈၀၂၂၇၃၇**

**ဦးချစ်သဲမောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၉၉)**
**အမှတ် (၁၀၄၁/ခ)၊ နဂါးနီလမ်း၊**
**(၇)ရပ်ကွက်၊ လှိုင်သာယာ**
**(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၇၇၉၅၂၆၈၆၅**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ သရက်ပင်အင်း(အမက)Grade-5မှ ကျောင်းဝင်အမှတ် (၀၀၀၂)ဖြစ်သူ မောင်ဝိုင်းချစ်အောင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်လင်း ၉/ပဥလ(နိုင်) ၀၄၃၂၈၃ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၄)၊ Grade-11(B) သင်ရိုးသစ်မှ မနန်းခမ်းပေး၏ ဖခင်အမည်မှန်မှာ ဦးကွမ်ဖူး ၁၃/ဟပတ(နိုင်) ၀၁၀၃၀၁ ဖြစ်ပါကြောင်း။

**ဦးကွမ်ဖူး**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ရှမ်း(တောင်)နမ့်စန်မြို့၊ မူလွန်မက်မွန်မုန်း Grade-7 မှ စိုင်းကျွမ်မုန်း၏ အမည်မှန်မှာ စိုင်းကျွမ်းမိန်းဖြစ်ပြီး ၎င်း၏ဖခင် အမည်မှန်မှာ ဦးစိုင်းလှထူး ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မကင်းချိုင်း(ခ) မခင်ခင်လင်း ၉/ကဆန(ဧည့်)၀၀၀၀၇၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၈၃၄၉၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ်(၃၃/ရှမ်းဈေး တန်းရပ်)၊ ဦးပိုင်အမှတ်(၂၆/က)၊ ဧရိယာ (၀ဒသမ၁၆၈)ဧက၊ မြေငှားဂရန် အမှုတွဲ အမှတ် ၀၉၁-၅/၂၀၁၁-၂၀၁၂(အေ)၊ ဦးလှဆွေ ၁၃/နမတ(နိုင်)၀၀၁၄၉၄အမည်ပေါက် မြေကွက်အား ဦးလှဆွေကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်ခမ်းလူ ၁၃/နမတ(နိုင်)၀၀၁၄၉၅မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဖြစ်၍ ဒေါ်ခမ်းလူအမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ်(၃၃/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ်(၁၇/ခ)၊ ဧရိယာ (၀ဒသမ၂၉၆)ဧက၊ မြေငှားဂရန် အမှုတွဲအမှတ် ၀၉၅-၅/၂၀၁၁-၂၀၁၂ (အေ)၊ ဦးချစ်လှ ၁၃/လရန(နိုင်)၀၃၇၆၂၀ အမည်ပေါက် မြေကွက်အား ဦးချစ်လှနှင့်ဇနီးဖြစ်သူ ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်သည့် ဒေါ်နန်းရွှေအုံ၊ ဒေါ်နန်းရွှေဆိုင်၊ ဦးခမ်းလှိုင်နှင့် ဦးစိုင်းစံညွှန့်၏ဇနီး ဒေါ်နန်းမြင့်မြင့်စိုးတို့မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးနောက် ဦးခမ်းလှိုင်နှင့် ဦးစိုင်းစံညွှန့်၏ ဇနီးဖြစ်သူ ဒေါ်နန်းမြင့်မြင့်စိုးတို့မှ စွန့်လွှတ်ပြီးဖြစ်၍ ဒေါ်နန်းရွှေအုံ ၁၃/လရန(နိုင်) ၀၃၇၆၂၂နှင့် ဒေါ်နန်းရွှေဆိုင် ၁၃/လရန (နိုင်)၀၃၈၄၀၈တို့ အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ် မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့် ရက်မှ ၁၅ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ မြို့တွင်းကြီးရပ်၊ အကွက်အမှတ်(၁၇-စီ)၊ အကွက်အမည် (ရွှေမောဓောရပ်)၊ ဦးပိုင်အမှတ်(၂၂-ဇ)၊ ဧရိယာ ၀ ဒသမ ၀၅၀ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် အရှေ့လားသော်-ရွှေမောဓောဘုရားသာသနာမြေ၊ အနောက်လားသော်-အောင်သုခလမ်း၊ တောင်လားသော်-ဦးပိုင်အမှတ်(၂၂၀၂)၊ မြောက်လားသော်-ရွှေမောဓော ဘုရားသာသနာမြေ၊ အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်အေးသန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၈ ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ပဲခူးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေထက်စိုး ၁၃/တကန(နိုင်)၃၃၄၇၃၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၈၆၈၈၈၈၀**

## အမည်ပြောင်း

ဟသ်ာတမြို့နယ်၊ အထက (ကြက်တူရွေး) ကျောင်းဝင်အမှတ်(၀၀၈၉) Grade 4 မှ (ဘ)ဦးခင်ဝင်း၏သား မောင်ဟိန်းလျှံထက်အား မောင်သုတထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ အထက(၁)၊ Grade-1 တွင် ပညာသင်ကြားနေသော မသွန်းသံစဉ်၏ အမည်မှန်မှာ မယွန်းနဒီကျော် ဖြစ်ပါသည်။

**မယွန်းနဒီကျော်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(ခွဲ)၊ ဖြူဘကျောင်း၊ Grade-3 မှ မအေးမြတ်မိုး၏ဖခင်အမည်မှန်မှာ မောင်ထူး ၁၀/ပမန(နိုင်)၁၁၇၁၂၀ ဖြစ်ပါကြောင်း။

**မောင်ထူး**

## တစ်ဦးတည်းဖြစ်ကြောင်း

မင်းဘူးမြို့၊ အမှတ်(၂)၊ ဆေးရုံလမ်းနေ (ဘ)ဦးမြင့်လွင်(ခ)ဦးရမ်းကူမားရ်(အမိ) ဒေါ်တင်တင်မြ(ခ) CHAN THA DEVI တို့၏ သားမှာ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်တွင် မောင်ဉာဏ်လင်းထွန်း မွေးသက္ကရာဇ် ၂၃-၁-၂၀၀၂ သည် မိခင်နိုင်ငံသားပြု ၈/မဘန(ပြု)၀၀၀၀၆၈ စာအုပ်တွင် မောင်စိုးပြည့်အောင် မွေးသက္ကရာဇ် ၂၇-၁၂-၂၀၀၁ ဟု အမည်ဖော်ပြပါရှိပြီး မောင်ဉာဏ်လင်းထွန်း နှင့် မောင်စိုးပြည့်အောင်မှာ အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မောင်ဉာဏ်လင်းထွန်း(ခ)**
**မောင်စိုးပြည့်အောင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 45W/2491 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကလျာ ၁၄/ဟသတ(နိုင်)၃၅၉၁၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9M/6342 (CDW 737) ယာဉ်လက်ဝယ်ရှိသူ ဦးဗန်ဘွဲ့လျှန် ၅/ကလထ(နိုင်)၁၇၅၂၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကလေးမြို့)**

သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု)/ (လျှပ်စစ်) ရာထူးနေရာများအတွက်
## ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ခြင်း
## ကြော်ငြာစာအမှတ် ၂/၂၀၂၂
## ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) / (လျှပ်စစ်) စုစုပေါင်း (၄၈) နေရာတို့အတွက် ၁၅-၁၀-၂၀၂၂ ရက်တွင် ရေးဖြေစာမေးပွဲနှင့် ၁၆-၁၀-၂၀၂၂ ရက်တွင် လူတွေ့စစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီး ရွေးချယ်ခံရသူ (၄၈)ဦး၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

ရွေးချယ်ခံရသူများ၏ ခုံအမှတ်များ-

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| M-1 | M-2 | M-4 | M-5 | M-7 | M-14 | M-16 | M-17 | M-18 | M-20 |
| M-21 | M-29 | M-36 | M-40 | M-43 | M-45 | M-46 | M-49 | E-3 | E-5 |
| E-6 | E-7 | E-11 | E-15 | E-21 | E-24 | E-27 | E-43 | E-46 | E-47 |
| E-49 | E-52 | E-56 | E-62 | E-63 | E-64 | E-68 | E-69 | E-71 | E-75 |
| E-79 | E-81 | E-89 | E-93 | E-103 | E-104 | E-110 | E-118 | | |

၂။ အဆိုပါ ရွေးချယ်ခံရသူများသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ရုံးအမှတ်(၂၇)၊ စီမံခန့်ခွဲရေးဌာနသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၆-၁၂-၂၀၂၂ ရက်၊ ၁၁:၀၀ နာရီထက် နောက်မကျစေဘဲ သတင်းပေးပို့ရမည်ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)

(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ/ဘွဲ့လက်မှတ် (မူရင်း)

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိမ်စိုးမေ(ဘ)ဦးညွန့်တင် ၉/ခအဇ(နိုင်)၀၅၂၁၇၆ ၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဒေါ်အိမ်စိုးမေသည် Social Network ပေါ်တွင် ၂၀၁၈ ခုနှစ်ကတည်းက "May" Facebook account ဖြင့် Cosmetics ပစ္စည်းများ၊ လူသုံးကုန်နှင့် မီးဖိုချောင်သုံး ပစ္စည်းအမျိုးမျိုးတို့ကို သမာအာဇီဝကျစွာဖြင့် စီးပွားရေးလုပ်ငန်းကို ရိုးသားဖြောင့်မှန်စွာ လုပ်ကိုင်သူတစ်ဦး ဖြစ်ပါသည်။ အဆိုပါ Facebook account အမည်ဖြင့် ဖြန့်ဖြူးရောင်းချနေသော Post များ၏ အောက်တွင် ကျွန်ုပ်၏မိတ်ဆွေထိခိုက်နစ်နာစေရန်၊ အနှောင့်အယှက်ဖြစ်စေရန်၊ အသရေပျက်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍လည်းကောင်း ဖြန့်ဖြူးရောင်းချနေသည့် ကုန်ပစ္စည်းများ၏ Quality များနှင့် ပတ်သက်၍ Comment များ ရေးသားခြင်း၊ ဓာတ်ပုံများယူသုံးကာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ စော်ကားခြိမ်းခြောက်သည့် အပြုအမူများအပြင် လူမှုကွန်ရက်စာမျက်နှာများတွင် ကျွန်ုပ်၏မိတ်ဆွေ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ တိုက်ခိုက်ပြောဆိုသည့် စကားရပ်များသုံးနှုန်း၍ မဟုတ်မမှန်သော သတင်းအချက်အလက်များ ရေးသားဖြန့်ချိခြင်းအစရှိသည့် အပြောအဆို အပြုအမူများဖြင့် ကျူးလွန်နေကြောင်း တွေ့ရှိရပါသည်။ ထိုသို့ မမှန်မကန်ပြုမူဆောင်ရွက်မှုများအား ဆက်လက်လုပ်ဆောင်ခြင်း မပြုလုပ်ပါရန်နှင့် အကယ်၍ ဆက်လက်ပြုမူဆောင်ရွက်နေပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာလင်း(LL.B, D.B.L), DL(101) IP LAW (WIPO: GENEVA)**
**တရားလွှတ်တော်ရှေ့နေ**
**မန္တလေးမြို့၊ ဖုန်း-၀၉-၉၅၅၅၁၆၆၆၆**

## (၁၀-၅-၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)တွင် ဒေါ်စန်းငွေ(ဘ) ဦးဆိုင် ၈/စလန(နိုင်)၀၁၅၃၄၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဘိုဝေလွင် (LL.B) (တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်အိခိုင်ဇာ (LL.B) (တရားလွှတ်တော်ရှေ့နေ)မှတစ်ဆင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ လေးစုရပ်နေ ဦးရဲဝင်းနိုင် (ဘ) ဦးကျင်စိန် ၉/ဝတန(နိုင်)၀၆၂၁၈၂ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈၂)ရပ်ကွက်အတွင်းရှိ လူကြီးမင်း၏မိတ်ဆွေ ဒေါ်စန်းငွေ၏ခင်ပွန်း ဦးစိန်မောင် အမည်ပေါက် (လလ/၇၃) မြေကွက်နှင့်ပတ်သက်သောကိစ္စအဝဝအား ဆောင်ရွက်နိုင်ရန်အတွက် လူကြီးမင်း၏မိတ်ဆွေကိုယ်တိုင်မှ ကျွန်ုပ်မိတ်ဆွေအား မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၄၀/၂၀၁၉ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို (၂-၇-၂၀၁၉)ရက်က တရားဝင် လွှဲအပ်ခဲ့ခြင်းဖြစ်ပါသည်။ လူကြီးမင်း၏မိတ်ဆွေနှင့် ကျွန်ုပ်မိတ်ဆွေတို့အကြား လွှဲအပ်မှုပြုရာတွင် ၁-၄-၂၀၁၉ ရက်က နှစ်ဦးသဘောတူ ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုပြီးဖြစ်သည့်အပြင် အထက်ဖော်ပြပါ (လလ/၇၃)မြေကွက်နှင့် စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေမှ အခက်အခဲပေါင်းများစွာကို ဖြေရှင်းပြီး ငွေကြေး မြောက်များစွာ စိုက်ထုတ်ကုန်ကျလုပ်ကိုင်ခဲ့မှုကြောင့် လုပ်ငန်းအချို့ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။ လူကြီးမင်း၏မိတ်ဆွေမှ ကျွန်ုပ်မိတ်ဆွေနှင့်စပ်လျဉ်း၍ သဘောတူညီမှုဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီမှုရယူခြင်းမရှိသည့်အပြင် ညှိနှိုင်းတိုင်ပင်အသိပေးမှုမရှိဘဲ လူကြီးမင်းမိတ်ဆွေတစ်ဦးတည်းသဘောဆန္ဒဖြင့် ရုပ်သိမ်းခွင့်လုံးဝမရှိပါကြောင်းနှင့် လူကြီးမင်းမိတ်ဆွေ၏ အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာသည့်အချက်များတွင် အကြောင်းပြချက် တစ်စုံတစ်ရာဖော်ပြပါရှိမှုမရှိဘဲ ၎င်းတစ်ဦးတည်းဆန္ဒဖြင့်ရုပ်သိမ်းခဲ့ခြင်းသည် ကျွန်ုပ်မိတ်ဆွေနှင့်စပ်လျဉ်းသည့် အထွေထွေကိုယ်စားလှယ်လွှဲစာမှာ ယနေ့တိုင် တရားဥပဒေနှင့်အညီ ဆက်လက်တည်မြဲလျက်ရှိနေပါကြောင်း လူကြီးမင်းမိတ်ဆွေ၏ ကြေညာခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေမှ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
|---|---|---|
| **ဦးရဲဝင်းနိုင်(ဘ)ဦးကျင်စိန်** | **ဦးအောင်ထွန်း(LL.B)** | **ဒေါ်ဝင်းဝင်းစိုး(LL.B)** |
| **၉/ဝတန (နိုင်)၀၆၂၁၈၂** | **(စဉ်-၆၃၇၇)** | **(စဉ်-၁၆၄၃၁)** |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **ယဉ်တော်ကျေးရွာ၊ အမရပူရမြို့** | **ကြေးသွန်းရပ်၊အမရပူရမြို့** |
| | **ဖုန်း-၀၉-၂၅၆၂၉၇၉၈၆၊ ၀၉-၄၄၃၂၁၂၅၂၉** | |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိ ဦးကျော်ထင်စည်သူ ၉/တတဥ(နိုင်)၀၈၁၂၇၇ (ဘ) ဦးခင်မောင်ကြည် အမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၂၁၆၀၃) အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံ ညီဖြစ်သူ ဦးဇေယျာဖြိုး (ခ) ဝင်းမင်းစည်သူ ၉/တတဥ(နိုင်) ၁၀၁၇၂၆ (ဘ) ဦးခင်မောင်ကြည်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဦးကျော်ထင်စည်သူ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် အိတ်ပိတ်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်းအမှတ်(၈၁၀)၊ ရွှေသမားရပ်ကွက်ရှိ ဦးပိုင်အမှတ်-၁၃၈(ဠ)၊ ၁၃၈(စ)မြေကွက် ၁ ဒသမ ၆၇ ဧကနှင့် ယင်းအပေါ်ရှိ ရုံးခန်းအဆောက်အအုံ(၁၂x၈)ပေ (၅)ခန်း၊ (၁၀၀x၃၀)ပေ တစ်ထပ်နံကပ်သွပ်မိုးအဆောက်အအုံနှင့် စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်းအမှတ်(၈၁၀)၊ ရွှေသမားရပ်ကွက်ရှိ ဦးပိုင်အမှတ်-၁၃၇(ခ/၂)၊ ၁၃၈/၉၊ F-၄၇၉/၅၃၄ မြေကွက် (မြေသားချည်း) ၀ ဒသမ ၉၁ ဧကတို့အား အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

**အိတ်ပိတ်လေလံလျှောက်လွှာ ရောင်းချမည့်ရက်** - ၁၅-၁၂-၂၀၂၂ ရက်မှ၂၈-၁၂-၂၀၂၂ရက်ထိ

**အိတ်ပိတ်လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - ၂၈-၁၂-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ

**အိတ်ပိတ်လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမ အသင်းစုချုပ်ရုံး ရွှေသမားရပ်ကွက်၊ စစ်ကိုင်းမြို့

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံတင်ထုခွဲရောင်းချရေးအဖွဲ့/အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး အိတ်ပိတ်လေလံဈေးနှုန်း တင်သွင်းလွှာများကို အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ အိတ်ပိတ်လေလံ လျှောက်လွှာပိတ်သိမ်းမည့်ရက် ၂၈-၁၂-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ရုံးသို့ ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ပိတ်လေလံလျှောက်လွှာ ပိတ်သိမ်းပြီး နောက်တစ်နေ့ ၂၉-၁၂-၂၀၂၂ရက်၊(၁၀:၀၀)နာရီတွင် အိတ်ပိတ်လေလံဖွင့်လှစ်ရောင်းချခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဆက်သွယ်ရန်ဖုန်း- ၀၉-၉၆၃၇၇၆၇၇၇၊ ၀၉-၄၀၁၅၄၁၅၈၇၊ ၀၉-၄၀၀၅၃၁၉၀၆

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၀

| | | |
|---|---|---|
| ဦးတင်မောင်အေး | **နှင့်** | ဦးကျော်ကျော် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဘဘ-၈/၁)၊ မြရည်နန္ဒာရပ်ကွက်နေ (ဘ) ဦးအောင်ခင်၏ သား ဦးကျော်ကျော် SDU-၀၈၈၉၇၁ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုဦးတင်မောင်အေးက မန္တလေးမြို့ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၁၀)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ ၀ ဒသမ ၀၅၁ဧကအကျယ်အဝန်းရှိ ဦးကျော်ကျော်(တသ) အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၆ရက် (၁၃၈၄ခုနှစ် ပြာသိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၅/ဓမ္မာစေတီ၊ ဦးပိုင်အမှတ် (၇၈)၊ ဧရိယာ ၀ ဒသမ ၁၉၆ ဧက အနက်မှ ၀ ဒသမ ၁၁၁ ဧကအား ဦးကျော်စိုးဦး(ဘ)ဦးလှသောင်း ၉/ပမန(နိုင်)၁၀၁၀၁၂ နှင့် ဒေါ်စုစုလှိုင်(ဘ)ဦးထွန်းရွှေ ၉/တကန(နိုင်)၁၀၁၀၄၉ တို့မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၁၈၃၁/ ၂၀၂၂)၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၅၃၀၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## (၄၄)ကြိမ်မြောက်သွေးလှူရှင်များဂုဏ်ပြုပွဲ ဗဟိုအမျိုးသားသွေးဌာနသို့စာရင်းပေးသွင်းနိုင်

(၄၄)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ရာ (၄၃)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲနောက်ပိုင်း အကြိမ်(၄၀)နှင့် အကြိမ်(၄၀)အထက် သွေးလှူရှင်များသည် မိမိတို့၏ သွေးလှူရှင်ကတ် အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုယူဆောင်၍ ဒီဇင်ဘာ ၂၀ ရက်၊ ညနေ ၄ နာရီမတိုင်မီ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

အသေးစိတ်သိရှိလိုပါက-ဖုန်း-၀၁၃၇၂၇၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ပုရစ်ကြော်တန်းနေ ဦးလှဝင်း (ဘ) ဦးညိုရောင် ၉/ညဥန(နိုင်)၀၁၂၆၀၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ပုရစ်ကြော်တန်းနေ ကျွန်ုပ်မိတ်ဆွေ၏သမီးဖြစ်သူ ဒေါ်မူမူဌေး (ဘ) ဦးလှဝင်း ၉/သေရ(နိုင်)၀၀၇၂၇၅ သည် ဖခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ဖခင်ခွင့်မလွှတ်နိုင်သည့် ကိစ္စအား ပြုလုပ်သည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဒေါ်မူမူဌေးနှင့်ပတ်သက်သည့် ငွေရေးကြေးရေးကိစ္စအပါအဝင် အခြားမည်သည့်ကိစ္စအဝဝကိုမျှ ကျွန်ုပ်၏အမှုသည် ဦးလှဝင်းမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၂၄/၂၀၁၄)**
**ဝေါလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ဘုရားကြီးမြို့**
**ဖုန်း-၀၉-၄၂၈၁၆၂၄၆၄**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ပုရစ်ကြော်တန်းနေ ဦးကျော်သူ (ဘ) ဦးလှအောင် ၉/သေရ(နိုင်)၀၀၆၂၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးကျော်သူနှင့် ဒေါ်မူမူဌေး (ဘ) ဦးလှဝင်း ၉/သေရ(နိုင်)၀၀၇၂၇၅တို့သည် လွန်ခဲ့သော (၁၂)နှစ်ခန့်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်မူမူဌေးသည် ၅-၁၂-၂၀၂၂ရက်တွင် ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပြီး ကျွန်ုပ်မိတ်ဆွေ ဦးကျော်သူ မိသားစုထံသို့ အဆက်အသွယ်တစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်းမရှိပါ။ ထိုသို့ဒေါ်မူမူဌေးအနေဖြင့် ၎င်း၏ကိုယ်ပိုင်သဘောဆန္ဒအရ ပြုမူခဲ့သည့်အတွက် ၎င်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူတို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်း မရှိပါသောကြောင့် နောက်နောင်ဒေါ်မူမူဌေး၏ ငွေကြေးအရှုပ်အရှင်း ကိစ္စအပါအဝင် အခြားမည်သည့်ကိစ္စကိုမျှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူ၏ မိသားစုမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၂၄/၂၀၁၄)**
**ဝေါလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ဘုရားကြီးမြို့၊ ဖုန်း-၀၉-၄၂၈၁၆၂၄၆၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မဋ္ဌူရွှေ ၁၂/ပဇတ(နိုင်)၀၀၉၁၈၃ မှ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဦးလှမြင့် ၁၂/စခန(နိုင်)၀၁၅၈၉၄ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ခတ္တာလမ်း၊ အမှတ်-2A/2 မြေကွက်ပေါ်ရှိ RC (၈) ထပ်တိုက်ရှိ အခန်းအမှတ်-5/A အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မဋ္ဌူရွှေမှ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ စာချုပ်သည် ယခုအခါ၌ ပျောက်ဆုံးသွားပါသဖြင့် ဒေါ်မဋ္ဌူရွှေမှ စာချုပ်အသစ် ပြန်လည်ချုပ်ဆိုမည်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်းနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ ကန့်ကွက်မည်ဆိုပါက (၉)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဒေါ်မဋ္ဌူရွှေ** | **ဦးဝင်းသိန်း** |
| **၁၂/ပဇတ(နိုင်)၀၀၉၁၈၃** | **အထက်တန်းရှေ့နေ (စဉ်-၅၀၅၂၅/၂၀၁၈)** |
| | **အမှတ်-၁၇၃၊ B-2၊ မြင်တော်သာလမ်း၊** |
| | **၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း - ၀၉-၄၃၁၁၈၉၄၈၊ ၀၉-၉၆၃၃၀၈၀၀၈** |

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁/အနော်မာ)၊ အရှေ့(၁၅)လမ်း၊ မြေကွက်အမှတ်(၆၅၉)၊ မြေအကျယ်အဝန်း (၂၀x၆၀)ပေ နှစ်(၆၀)မြေငှားဂရန်မူရင်း၊ မြေပိုင်ဆိုင်မှု၊ မြေရှင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော (၆)ထပ်တိုက် အဆောက်အအုံမှ ပထမထပ်၊ အကျယ်အဝန်း (၁၉x၅၅)ပေရှိ တိုက်ခန်း(၁)ခန်းတို့ကို ဒေါ်ခင်ညွန့် ၁၂/သကတ(နိုင်)၁၁၀၉၀၂ မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကြေညာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အုံးထွေး ၁၂/သကတ(နိုင်)၁၁၆၈၁၇ အား ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အုံးထွေးမှလည်း အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်ရန်၊ ကန့်ကွက်မည့်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
|---|---|
| **ဒေါ်အုံးထွေး** | **ဒေါ်သဇင်မြတ်မြတ်ဝင်း(LL.B,D.B.L)** |
| **၁၂/သကတ(နိုင်)၁၁၆၈၁၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၇၃)** |

**အမှတ်(၁)၊ သမာဓိ(၄)လမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၇၆၆၅၈၆၊ ၀၉-၉၅၉၅၁၆၅၁၅**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ချစ်
### အသက် (၁၀၀)နှစ်

Frontier (Myanmar) Security Services Co.,Ltd. မှ ဝန်ထမ်းဖြစ်သူ မဆုပြည့်ဖြိုး၏အဘိုးဖြစ်သူ ဦးအောင်ချစ်သည် ၇-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၁၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Frontier (Myanmar) Security Services Co.,Ltd. မိသားစု**

## ဆရာကြီး ဦးစန်းဝင်း
### အလပြ(ငြိမ်း)(သော်ကကျောင်း)၊ ကျောက်တန်းမြို့
### အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ နေပြည်တော်(၁)လမ်း၊ အမှတ်(၂၇၈)နေ ဦးပွ-ဒေါ်ခင်တင့်တို့၏ သား၊ ဒေါ်ရင်မြ၏ ခင်ပွန်း၊ ကိုသက်ခိုင်-မအိသန္တာချို၊ ကိုကျော်ဇင်ဝင်း-မဖြူနန္ဒာသင်း၊ ကိုဖြိုးသူရလင်း-မဇင်မာဌေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုး ဆရာကြီး ဦးစန်းဝင်းသည် ၁၄-၁၂-၂၀၂၂ရက် နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၂၂ရက် မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့၊ အနောက်ပိုင်းသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

၁။ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန၊ နားမခေါ်အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ လူနေဂိုတ်ခန်းအမှတ်(D-၃၄)အား အမည်ပေါက်ပိုင်ဆိုင်သူ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၄၆x၄၇ ကြားနေ ဒေါ်မွေးမွေးလှိုင် ၉/မရတ(နိုင်) ၁၀၈၂၉၉ထံမှ လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၆)နေ ဦးစိုင်းဆိုင်ဖ ၁၃/လရန(နိုင်) ၀၀၂၈၄၃ မှ ဝယ်ယူပြီးဖြစ်ပါ၍ ဆိုင်ခန်းအခွန်ထမ်းအမည်ပြောင်းလဲခွင့်ပြုပါရန် ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ဤရုံးသို့ တင်ပြလျှောက်ထားလာပါသည်။

၂။ အထက်ပါ ဆိုင်ခန်းအခွန်ထမ်းအမည်ပြောင်းလဲခြင်းကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်အတူ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနသို့ ကန့်ကွက်လွှာ လာရောက်တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားလာသည့်အတိုင်း အခွန်ထမ်းအမည်ပြောင်းလဲခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/9597, Suzuki Carry DA63T Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဌေး ၉/မနမ(နိုင်) ၀၉၁၁၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/32414, CPM SAW ASDEE 115 M/C ယာဉ်လက်ဝယ်ရှိသူ CP motor Myanmar Co.,Ltdက(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ်(၅/မန်ဆူရွာမအရှေ့)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀ဒသမ ၅၈၀)ကေ၊ မြေငှားဂရန်အမှုတွဲအမှတ် (၉၄၃-၅/၂၀၁၈-၂၀၁၉)၊ ဒေါ်ရှောက်အိုင် ၁၃/လရန(နိုင်) ၀၅၁၂၂၇နှင့် ဒေါ်တွမ်တီး ၁၃/နမတ(နိုင်) ၀၄၂၉၀၈ အမည်ပေါက် မြေကွက်အား ဧရိယာ(၀ဒသမ၂၇၀)ကေအား ဒေါ်ရှောက်အိုက်အမည်ဖြင့် လည်းကောင်း၊ ဧရိယာ(၀ဒသမ၃၁၀)ကေအား ဒေါ်တွမ်တီးအမည်ဖြင့်လည်းကောင်း ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင် ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ် (မန်ဆူတိုးချဲ့-၆)၊ ဦးပိုင်အမှတ်(၂၆၉)၊ ဧရိယာ(၀ဒသမ ၀၉၆)ကေ၊ မြေငှားဂရန်အမှုတွဲအမှတ် (၇၅၀-၅/၁၉၉၈-၁၉၉၉(စီ)၊ ဗိုလ်ကြီးသန်းထွန်းဦး အမည်ပေါက်မြေကွက်အား ၎င်း၏အထူးကိုယ်စားလှယ် ဒေါ်ဝူရှောက်တီး ၁၃/ကလတ(နိုင်) ၀၃၁၀၀၁ မှ ဦးလီကျိန်းဗှာ ၁၃/ကလတ(နိုင်) ၀၄၆၉၂၁သို့ စာချုပ်အမှတ် ၄၇၃I/၂၀၂၂ဖြင့် ရောင်းချပြီးဖြစ်၍ ဦးလီကျိန်းဗှာအမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်ဆွေ(ခ)ဒေါ်ဟုန်ကြည်(မအူပင်)
### အသက်(၈၃)နှစ်

မအူပင်မြို့နေ (ဦးကျော့ဝါ-ဒေါ်ကျင်ရွှေ)တို့၏သမီး၊ ရန်ကုန်မြို့နေ(ဦးဝင်း-ဒေါ်လှယဉ်)တို့၏ချွေးမ၊ ဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)၏ဇနီး၊ ဦးကျော်ကျော်လွင်-ဒေါ်မိုးမိုးမြင့်၊ ဦးသိန်းနိုင်-(ဒေါ်ခင်သန္တာသိန်းအောင်)၊ (မစိုးစိုးမြင့်)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဝေယံကျော်လွင်-မမေသီရိကျော်၊ မအိန္ဒြေခြူးငယ်ဖြိုး၊ မောင်ကောင်းမြင့်မိုရ်လွင်၊ မသက်ထက်စံ၊ မောင်ဘုန်းပြည့်ကျော်တို့၏ချစ်လှစွာသောအဘွား ၊ မချစ်ခွန်းချို၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၄-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၃၀နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (မြောက်ဒဂုံမြို့နယ်၊ ဈေးမြောက်လမ်း၊ A-2/2-E-Condoနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### လားရှိုးခရိုင် တရားမရုံး၌
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၅

ဒုဗိုလ်မှူးကြီးဝင်းမြင့် နှင့် ဦးအေးမင်းအောင်
(၎င်း၏ကိုယ်စားလှယ်စာရသူ ဗိုလ်မှူးအောင်မျိုးအေး)
**တရားလို** **တရားပြိုင်**

ဦးအေးမင်းအောင် အမှတ်(၆၄၈)၊ (၆)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဒုဗိုလ်မှူးကြီးဝင်းမြင့်(၎င်း၏ကိုယ်စားလှယ်စာရသူ ဗိုလ်မှူးအောင်မျိုးအေး)က ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ရန်ပျက်ကွက်သည့် ဆန်အိတ်(သို့မဟုတ်)၎င်းနှင့်ညီမျှသော ငွေကျပ်သိန်း(၁၀၇၁၆၀၀၀၀)နှင့် နစ်နာကြေးငွေကျပ်(၃၀၀၀၀၀၀၀) စုစုပေါင်းငွေကျပ်(၁၃၇၁၆၀၀၀၀) (ကျပ်တစ်ထောင်သုံးရာခုနစ်ဆယ့်တစ်သိန်းခြောက်သောင်းတိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ် ဇန်နဝါရီလ ၁၂ရက်(၁၃၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့်၊ သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းကိုကို)**
**ခရိုင်တရားသူကြီး**
**လားရှိုးခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၂-၂၀၂၂ရက် စာမျက်နှာ ၃၀ ပါ အထက်တန်းရှေ့နေ ဦးသက်နိုင်ဝင်း (LL.B) ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ရန်ပြေ (၂) လမ်း အနောက်အစား ရန်ပြေ(၅)လမ်း အနောက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဦးသက်နိုင်ဝင်း အထက်တန်းရှေ့နေ(စဉ်-၃၇၁၄၀)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(ကျောက်တောင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၂၀၂)အား ဒေါ်အေးကြည် ၁၃/မဆတ(နိုင်) ၀၀၇၇၀၉အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(ခရစ်ယာန်ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၁၄ခ/၉၉)၊ ဧရိယာ(၀ဒသမ၁၈၅)ကေအား ဒေါ်ထန်ရွှေဆိုင်း ၁၃/သနန(နိုင်) ၀၅၃၃၆၉အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(မန်အိုင်အရှေ့တိုးချဲ့)၊ ဦးပိုင်အမှတ်(၉၄)၊ ဧရိယာ(၀ဒသမ၀၈၂)ကေအား ဦးမျိုးနိုင်ဝင်း ၁၃/လရန(နိုင်) ၁၁၇၆၂၉ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ကျော့စိန်
### အသက် (၉၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် (၁၀၂)၊ (ပ)ထပ်၊ ၁၂လမ်း(လမ်းတိုနေ)၊ (ဦးဗေဒါ-ဒေါ်ငြိမ်းခင်)တို့၏သမီးကြီး၊ (ဦးဖောင်-ဒေါ်မျှင်)တို့၏သမီးချွေးမ၊ (ဦးလှဖေ-ဒါးမောက်)၏ဇနီး၊ ဦးတင်ဦး-(ဒေါ်အုန်းဟန်)၊ (ဒေါ်ခင်စော)-ဦးထူးအောင်၊ ဒေါ်ခင်မြင့်-ဦးမြင့်အောင်၊ ဦးတင်အုန်း-ဒေါ်နီနီနွယ်၊ ဒေါ်မူမူ (လ/ထညွှန်မှူး၊ ကျောက်တံတား ခရိုင်ပညာရေးမှူးရုံး)၊ (ဦးညီညီထွေး)-ဒေါ်စုစုလင်းတို့၏ မွေးမိခင်၊ မြေး ၁၁ ယောက်၊ မြစ် ကိုးယောက်တို့၏ချစ်လှစွာသော အဘွားဖြစ်သူသည် ၁၄-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၀၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၆-၁၂-၂၀၂၂ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်အတွင်းရှိ ကွင်း/အကွက်အမှတ်(၇၉၉/ပန်းပဲတန်း)၊ ဦးပိုင်အမှတ်(၈-၃၂)၊ ဧရိယာ(၀.၁၈၄)ကေရှိ ဦးအောင်မောင်းအမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အေးမို့မို့ခိုင်ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးနွယ် ၉/မနမ(နိုင်)၁၀၁၀၀၄ ကိုယ်ဆောင်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက် အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မှမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင်းပပဇော်(LL.B)** | **ဒေါ်သရဖီဝင်း(LL.B)** |
| **စဉ်-၄၉၀၆၁(၁၉-၉-၂၀၁၇)** | **စဉ်-၄၈၉၂၅(၂၅-၇-၂၀၁၇)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**စိန်ကုန်းရပ်ကွက်၊ စစ်ကိုင်းမြို့။ ဖုန်း-၀၉-၇၉၇၇၈၀၀၅၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၅၁၆)ရှိ အလျား (၄၀) ပေ၊ အနံ (၆၀) ပေ မြေကွက် ဦးအောင်သန်း CB-၀၂၂၀၆၉ အမည်ပေါက်မြေချပါမစ်) မြေကွက်နှင့် ယင်းမြေ ကွက်ပေါ် နှစ်ထပ်တိုက်ခံအိမ်တစ်လုံး အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းထွန်းနိုင် ၁၄/ဓနဖ(နိုင်)၁၀၀၄၆၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လေးလေးနွယ် ၁၂/လသယ(နိုင်)၀၃၄၂၄၃) ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်နွယ်(LL.B)(စဉ်-၁၆၉၉၇)** | **ဦးကြည်စိုး(LL.B)( စဉ် - ၇၃၇၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်။**
**ဖုန်း - ၀၉-၂၆၃၉၀၀၃၉၉၊ ၀၉-၄၂၁၀၄၃၇၇၈**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/8214 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၀)၊ ဦးပိုင်အမှတ်(၃၅)၊ (၅၇x၅၈) လမ်း ကြား၊ မြတ်လေးလမ်းနှင့်ပိတောက်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှဲ့လှဲ့ကြည်၁၄/ဝခမ(နိုင်) ၀၀၈၂၅၀ က ဂရန်ပေါ်တွင် ရေးသားထားသော "ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့်စိစစ်၍ ဂရန်မိတ္တူကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်"ဟူသော မှင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ-၄)၊ ဦးပိုင်အမှတ်(၆၆)၊ ဘုရင့်နောင်လမ်းနှင့် အောင်ဇေယျလမ်းကြား၊ (၅၆x၅၇)လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးလှရွှေ (NBN-၁၄၁၄၇၈၊ ၉/မရတ(နိုင်)၀၆၀၈၃၁)၏ (SP ရသူ ဦးညီညီထွေး)က မူရင်းပိုင်ရှင်၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ တင်ပြနိုင်ခြင်းမရှိကြောင်း တင်ပြစာ၊ တောဂရန်နှင့်အတူ အမှုတွဲအမှတ် (၄၇၂၆/၂၀၂၂-၂၀၂၃)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ်(၁၀၀)၊ (၆၄x၆၅)လမ်း၊ ဇော်ဂျီလမ်းနှင့် ကုသိုလ်တော်လမ်းကြားရှိ ဦးတင်အောင်အမည်ပေါက် တောဂရန်မြေကွက်အား အမည်ပေါက်သူ(ဖခင်) ဦးတင်အောင်၊ (မိခင်) ဒေါ်မြင့်မြင့်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၀၂၆/၂၀၂၂)အရ ပိုင်ဆိုင်သူ၊ ကျန်ရစ်သူ (သား၊ သမီး) ဒေါ်တင်တင်မြင့် ၉/မနမ(နိုင်)၀၆၈၇၅၃၊ ဒေါ်မြင့်မြင့်အောင် ၉/မနမ(နိုင်)၀၆၃၇၉၉၊ ဦးဝင်းအောင် ၉/မနမ(နိုင်)၀၆၃၅၃၂၊ ဦးမင်းအောင် ၉/မနမ(နိုင်)၁၀၂၇၉၅၊ ဒေါ်အေးအေးသင်း ၉/မနမ(နိုင်)၁၀၂၈၇၇၊ ဒေါ်သိန်းသိန်းအေး ၉/မနမ(နိုင်)၁၀၃၈၀၀၊ ဒေါ်သိန်းသိန်းထွေး ၉/မနမ(နိုင်)၁၀၃၃၁၀ တို့၏ (GP ရသူ ဦးဟွမ်ယုပန်) တောဂရန်စာချုပ်၊ ငွေသွင်းပြေစာ(၂၄၀၀/- + ၄၀၀၀/-) မူရင်းများ အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး) ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်သက်တမ်းတိုးအမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/1676, Suzuki Carry DA63T, P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြတ်မွန် ၁၂/လသန(နိုင်)၀၂၄၈၄၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/53605, CANDA 125, M/C ယာဉ်လက်ဝယ် ရှိသူ ဦးကျော်ဆန်းလွင် ၁၄/ပသန (နိုင်)၁၈၃၃၀၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/12635, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတေဇာအောင် ၁၄/ပသန(နိုင်) ၁၅၈၃၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ **စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံစီးပွား မြှင့်တင်ရေးရန်ပုံငွေများ မတည်ထူထောင်ပေးခဲ့ပြီး ကျန်ရှိသည့်ငွေများမှ MSME လုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထား...**

❖ **MSME လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စည်းမျဉ်း စည်းကမ်းများ ရေးဆွဲ၍ ငွေကြေးများချေးငှားပေးရန် အဆင်သင့်ရှိ...**

(အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ၂၀၂၃ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ကျင်းပမည့်ကာလထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၃ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ကျင်းပမည့်ကာလ ထုတ်ပြန်ခဲ့ပြီး မတ်လမှ စက်တင်ဘာလအထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၃ ဘောလုံးရာသီကို ဖေဖော်ဝါရီမှ စတင်ကာ ပြုလုပ်သွားရန် စီစဉ်ထားပြီး လိဂ်ပြိုင်ပွဲများအားလုံး ပုံမှန်အတိုင်းကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။ မြန်မာနေရှင်နယ်လိဂ်က တာဝန်ယူကျင်းပမည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို မတ်လတွင် စတင်ကျင်းပရန် စီစဉ်ထားသော်လည်း မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၊ သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများအပေါ်မူတည်၍ ကျင်းပသွားဖွယ်ရှိနေသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ○

## ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို အသင်းအရေအတွက် တိုးမြှင့်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို အသင်းအရေအတွက် ၁၂ သင်း ပြန်လည်တိုးမြှင့်ကျင်းပရန် စီစဉ်ထားကြောင်း တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၃ ရာသီ MNL ပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ဒုတိယပတ်မှ စက်တင်ဘာလအထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်၏ သတင်းထုတ်ပြန်မှုအရ၊ လိဂ်ကော်မတီအစည်းအဝေး (၃/၂၀၂၂) ဆုံးဖြတ်ချက်အရ MNL အမှတ်ပေးပြိုင်ပွဲကို အသင်းအရေအတွက် ၁၂ သင်း ပြန်လည်တိုးမြှင့်ကျင်းပသွားမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၂၂ ရာသီ MNL ပြိုင်ပွဲတွင်

စာမျက်နှာ ၂၀ ကော်လံ ၁ ❖




၂၀၂၂ ရာသီ MNL အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်း။ ဓာတ်ပုံ-သော်လေး



အာဂျင်တီးနားအသင်းမှ မက်ဆီ၏ ပယ်နယ်တီ ကန်သွင်းဟန်။

## ခရိုအေးရှားကို ဂိုးပြတ်အနိုင်ယူပြီး ကမ္ဘာ့ဖလားဗိုလ်လုပွဲကို ခြောက်ကြိမ်မြောက် အာဂျင်တီးနားတက်လှမ်း

ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်မှ အာဂျင်တီးနားအသင်းနှင့် ခရိုအေးရှားအသင်းတို့ပွဲစဉ်တွင် အာဂျင်တီးနားအသင်းက သုံးဂိုးပြတ် အနိုင်ရရှိပြီး ကမ္ဘာ့ဖလားဗိုလ်လုပွဲကို အသင်းသမိုင်းတစ်လျှောက် ခြောက်ကြိမ်မြောက် တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အာဂျင်တီးနားအသင်းသည် ယခင်ကမ္ဘာ့ဖလားဗိုလ်လုပွဲ တက်ရောက်ခဲ့သည့် ငါးကြိမ်တွင် နှစ်ကြိမ်ဗိုလ်စွဲထားပြီး သုံးကြိမ် ဒုတိယရရှိထားသည်။ အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို နောက်ဆုံးတက်လှမ်းထားနိုင်သည်မှာ ၂၀၁၄ ခုနှစ်ကဖြစ်ပြီး ဂျာမနီအသင်းကို ရှုံးနိမ့်ကာ ဖလားဆွတ်ခူးခွင့်နှင့် လွဲချော်ထားသည်။

စာမျက်နှာ ၂၀ ကော်လံ ၅ ●

**ယနေ့ သတင်းအညွှန်း**

**ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) အောင်မြင်စွာ ကျင်းပပြီးစီး**
ပြည်တွင်းသတင်း စာ ၈

**၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၃၄ ဘီလီယံအထိ ရှိလာရန် ဗီယက်နမ် ရည်မှန်း**
နိုင်ငံတကာသတင်း စာ ၁၄

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၃ ဦး တွေ့ရှိ**
ပြည်တွင်းသတင်း စာ ၁၅